# ပန်ဆောင်ကျေးရွာ

# မိုင်းယန်းမြို့နယ်

## ကျေးရွာဖွံ့ဖြိုးရေးစီမံချက် (၂၀၁၇ - ၂၀၁၈)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့

ပန်ဆောင်ကျေးရွာ၊ မိုင်းယန်းမြို့နယ်

(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ

# မာတိကာ


မာတိကာ ၁

အတိုကောက်စကားလုံးများ ၅

စကားချီး ၆

ပန်ဆောင်ကျေးရွာသယံဇာတပြမြေပုံ၊ မိုင်းယန်းမြို့နယ် ၇

**အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ နှင့် အစီအစဉ်** ၈

(၁) နိဒါန်း– ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု ၉

(က) ရည်ရွယ်ချက်နှင့်ကျိုးကြောင်းဖော်ပြချက်

(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

(၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ ၁၁

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား

(ခ) သဘာဝအရင်းအမြစ်များ

(၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ ၁၁

(က) လူဦးရေဆိုင်ရာ အချက်လက်များ

(ခ) စီးပွားရေးအခြေအနေ – ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

(ဃ) ကျန်းမာရေး နှင့် အာဟာရ

(င) ပညာရေးနှင့်ကျွမ်းကျင်မှုများ

(စ) ကျားမဆိုင်ရာဆက်နွယ်မှု

(၄) ကဏ္ဍအသီးသီး၏လက်ရှိ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေ ၁၄

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

(ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု

(ဇ) အခြေခံအဆောက်အဦများအားလက်လှမ်းမီမှု – လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့်ဆက်သွယ်ရေး

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ ၁၉

(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

(၆) ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ ၂၁

(၇) ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များ နှင့် ဗဟိုအဆင့် မူဝါဒများ အကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ ၂၂

(၈) ဦးစားပေးစီမံချက်များနှင့်၄ င့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ ၂၃
(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်
(ခ) ကဏ္ဍ နှင့် ရင်းနှီးမြှုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း
(ဂ) ဦးစားပေး စီမံချက်များ
(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

(၉) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ် ၂၄

(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့်အစီအစဉ်များ ၂၅
(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ
(ခ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများ
(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ
(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက် အဖွဲ့အစည်းဆိုင်ရာ နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ

(၁၁) စီမံကိန်း ကြီးကြပ်စစ်ဆေးခြင်းနှင့်အကဲဖြတ်သုံးသပ်ခြင်း ၂၇
(က) ကြီးကြပ်စစ်ဆေးခြင်း
(ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း
(ဂ) နည်းပညာဆိုင်ရာ အကူအညီ
(ဃ) ကိုးကားစာရင်း

**နောက်ဆက်တွဲ**

**နောက်ဆက်တွဲ (၁) စီမံကိန်း ဇယားများ** **၃၀**

(၁) လူမှုစီးပွားရေး အခြေအနေ

**ဇယား ၁ လူဦးရေ နှင့် လူဦးရေဆိုင်ရာ အချက်အလက်များ**

**ဇယား ၂ လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား**

**ဇယား ၃ လုပ်ငန်းနှင့်ကျား၊ မအလိုက်အနည်းဆုံးနှင့် အများဆုံးလုပ်ခနှုန်းထား**

**ဇယား ၄ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု**

**ဇယား ၅ ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ**

**ဇယား ၆ ဥစ္စာဓနအဆင့်အခြေအနေ**

**ဇယား ၇ ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ**
**ဇယား ၈ ကူညီ စောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ**
**ဇယား ၉ ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ**
**ဇယား ၁၀ ထိခိုက်သက်ရောက်မှုခံရနိုင်သည့်အုပ်စု**(၂) ကျေးရွာ၏**လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ**
**ဇယား ၁၁ ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ**
ဇယား ၁၂ ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ
ဇယား ၁၃ ကျေးရွာ၏**စိုက်ပျိုးမြေပိုင်ဆိုင်မှုမြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု**
**ဇယား ၁၄** ကျေးရွာ၏ ရေရင်းမြစ် နှင့် **ရေသွင်းဧရိယာ**
**ဇယား ၁၅ အဓိကသီးနှံများနှင့် အထွက်နှုန်း**
**ဇယား ၁၆ ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု**
**ဇယား ၁၇ သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ**
**ဇယား ၁၈ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ**
**ဇယား** ၁၉ **မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ**
ဇယား ၂၀ **မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ**
ဇယား ၂၁ **မွေးမြူရေး နှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့်စိန်ခေါ်မှုများ**
ဇယား ၂၂ စိုက်ပျိုးမွေးမြူရေး မဟုတ်သော အသက်မွေးလုပ်ငန်းများ
ဇယား ၂၃ **စိုက်ပျိုးမွေးမြူရေး**မဟုတ်သော စီးပွားရေးလုပ်ငန်းများ အတွက် အခွင့်အလမ်း၊ **ပြဿနာနှင့်အခက်အခဲ**များ
**ဇယား** ၂၄ ရွှေ့ပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ
ဇယား ၂၅ ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိက အကြောင်းရင်း
ဇယား ၂၆ ရွှေ့ပြောင်းလုပ်ကိုင်သူများမှ ပြန်ပို့ငွေ
ဇယား ၂၇ ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ
ဇယား ၂၈ ငွေကြေးလက်လှမ်းမှီမှုနှင့် ဘဏ်လုပ်ငန်း
**ဇယား ၂၉ သဘာဝပတ်ဝန်းကျင် နှင့် သဘာဝရင်းမြစ် စီမံခန့်ခွဲမှုအတွက် လက်ရှိ အလေ့အကျင့် နှင့် အခက်အခဲများ**
ဇယား **၃၀** မူလတန်း၊ အလယ်တန်း၊ အထက်တန်း နှင့် တက္ကသိုလ်အဆင့် စာတတ်မြောက်မှုနှုန်း
**ဇယား** ၃၁ ကျောင်းတက်နှုန်း
ဇယား ၃၂ စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ
ဇယား ၃၃ **ပညာရေး** အခက်အခဲ နှင့် ပြဿနာများ
ဇယား ၃၄ **အဖြစ်များသော** ရောဂါများ
ဇယား ၃၅ လွန်ခဲ့သော (၁၂)လအတွင်း ကာကွယ်ဆေးထိုးနှံမှု
ဇယား ၃၆ ကျန်းမာရေး အထောက်အပံ့ နှင့် ဝန်ဆောင်မှုများ
ဇယား ၃၇ သောက်သုံးရေရရှိမှု
ဇယား ၃၈ အိမ်သာအမျိုးအစား

ဇယား ၃၉ ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ
ဇယား ၄၀ ကျေးရွာ၏ လမ်းတည်ရှိမှု အခြေအနေ
ဇယား ၄၁ ကျေးရွာ၏ တံတားတည်ရှိမှု အခြေအနေ
ဇယား **၄၂ ရေကြောင်း သယ်ယူပို့ဆောင်ရေး**
**ဇယား ၄၃ သယ်ယူပို့ဆောင်ရေးယာဉ်များ**
**ဇယား ၄၄ လျှပ်စစ်မီးရရှိမှု အခြေအနေ**
ဇယား **၄၅ ဆက်သွယ်ရေး နှင့် သတင်းအချက်အလက်နည်းပညာ အခြေအနေ**
**ဇယား ၄၆ ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး အခြေအနေ**
**ဇယား ၄၇ ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမှီမှု**
**ဇယား ၄၈ မှုခင်းဖြစ်ပွားမှု အခြေအနေ**

**နောက်ဆက်တွဲ (၂)ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ)** **၆၆**
**ဇယား ၄၉ ကျေးရွာဖွံ့ဖြိုးရေးကွင်းဆက်** **၆၆**
**ဇယား ၅၀ ကျေးရွာဖွံ့ဖြိုးရေး အဖွဲ့ဝင်စာရင်း** **၆၈**
**ကိုးကားစာရင်း** **၆၉**

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၈ခု(ဖလ) ဘဏ္ဍာရေးနှစ်အတွင်း ကျွန်ုပ်တို့ ပန်ဆောင်ကျေးရွာတွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျေးရွာ၏ ပထမဦးဆုံးသော လူအများပါဝင် ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက်ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွပံ့ပိုးပေးသော ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကို လည်း ကျေးဇူးတင် ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက် ခဲ့ကြသော်လည်း လူထုအများ စနစ်တကျပူးပေါင်း ပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်း ဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေးကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီး ဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်း အချက်အလက်ရရှိနိုင်သော နေရာများမှ လည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း ၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါ သည်။

ယခုရေးဆွဲထားသော အစီအစဉ်ကို ထပ်မံရရှိသည့်ကိန်းဂဏန်း အချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက် လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့် အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင် သွားရ ပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်း ဆောင်ရွက် နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ် သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ် တို့ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်း အစီအစဉ်များ၊ ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံကိန်းဆိုင်ရာ အချက်အလက်၊ အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံကိန်း လုပ်ငန်းများ၏ အသေးစိတ် အချက်အလက်များ ပါဝင်ပါသည်။

ဇန်နဝါရီ ၂၀၁၈။

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့

ပန်ဆောင်ကျေးရွာ

မိုင်းလွေအုပ်စု

မိုင်းယန်းမြို့နယ်

# ကျေးရွာနှင့် သယံဇာတပြမြေပုံ

ပန်ဆောင်ကျေးရွာ၊ မိုင်းလွေကျေးရွာအုပ်စု၊ မိုင်းယန်းမြို့နယ်



ရေးဆွဲသူအမည်– ဦးစိုင်းကျော်

# အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာ နှင့် လုပ်ငန်းအစီအစဉ်

## ၁ နိဒါန်း

### ၁.၁ ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်းဆောင်ရွက်ခဲ့ပြီးသောဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကိုလေ့လာသုံးသပ်ပြီးတစ်နိုင်ငံလုံးကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများရေးဆွဲအကောင်ထည်ဖော်မည့်အစီအစဉ်သစ်ဖြစ်ကြောင်းသိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသောကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူကိုယ်တိုင်တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်က ဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရေးအတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ် ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးဆိုင်ရာ ကိန်းဂဏန်း၊ သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကို အလေးထားမိလာကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများ စသည်တို့ထံမှ လိုအပ်သောကိန်းဂဏန်း၊ သတင်းအချက်အလက်များရယူရန်နှင့် ကျွနုပ်တို့၏ ကျေးရွာစီမံကိန်းအကောင်ထည်ဖော်ရန် လိုအပ်သော နည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင်ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသော ပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကို အပံ့အပိုးဖြစ်စေသောအချက်များနှင့် အဟန့်အတားဖြစ်စေသော အချက်များ၊ (၅)နှစ်တာကာလ အပြီးတွင်ရရှိအောင်ဆောင်ရွက်လိုသည့်ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ ကျေးရွာအနေနှင့် ဆောင်ရွက်မည့် နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်း ဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများလုပ်ဆောင်ရန် လိုအပ်သော အရာများနှင့် ငွေကြေး ရရှိနိုင်မည့်လမ်းကြောင်းများကိုလည်းဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေ ပညာရှင်များ၊ သတင်းနှင့်ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏ အာရုံစိုက်မှုကို ရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့်ပတ်သက်သူ မှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏အသုံးဝင်မှုများကိုသိရှိ စေရန်မျှော်လင့်ပါသည်။

**နိုင်ငံတော်အစိုးရအဖွဲ့များအတွက် အသုံးဝင်မှု**

ကျွန်ုပ်တို့၏ကျေးရွာအဆင့်အားထုတ်မှုများအတွက်မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာအကူအညီများ ကိုစုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကိုမြို့နယ်အဆင့်၊ ပြည်နယ်နှင့်တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအားတင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့် ၎င်းတို့၏စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက်ဆောင်ရွက်လာနိုင်မည် ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs) ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင် အဖွဲ့အစည်းများသည်ကျေးရွာလူထု၏အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေး ဆောင်ရွက်ရမည့်လုပ်ငန်းများအားပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာလိုအပ်ချက်များအတွက် သတင်းအချက်အလက်များပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့်အဖွဲ့အစည်းများနှင့်တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအားသိရှိလာခြင်းကြောင့် ကျွန်တော်တို့ ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏သုတေသနလုပ်ငန်းများကိုစီစဉ်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ပြန်ကြားဆက်သွယ်ရေးနှင့်ပြည်သူ့အရေးရပ်တည်မှုပေးသည့်အဖွဲ့အစည်းများ အနေဖြင့်ယုံကြည်ရလောက်သည့် သတင်းအချက်အလက် များကိုရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာ ငွေကြေးဆိုင်ရာအဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်း ပေါင်းစည်း ဆောင်ရွက်မှုပိုမိုကောင်းမွန်စေပြီးကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကိုမြို့နယ်အဆင့်တွင် ပေါင်းစပ် ညှိနှိုင်းစီစဉ်မှုများ ပြုလာနိုင်ပါမည်။

## ၁.၂ စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ ကိုယ်တိုင် တတ်နိုင်သောငွေကြေး၊အစိုးရနှင့်အခြားအဖွဲ့အစည်းများထံမှရနိုင်မည့်အကူအညီများကိုအခြေခံကာ ဦးစားပေးစီမံကိန်းများချမှတ်ခဲ့ပါသည်။ယခုအခါယင်းသို့မဟုတ်ဘဲကျယ်ပြန့်သည့်ဖွံ့ဖြိုးရေးအမြင် ဖြင့် ရေးဆွဲထားပါ သည်။

လူထုဦးဆောင်ပါဝင်သည့်လုပ်ကိုင်နည်းဖြစ်သောကြောင့်လူတိုင်းပါဝင်ခွင့်ရရှိပြီးအမြင်ရှင်းလင်း မှုရစေကာဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကိုအဓိကနေရာတွင် ထားရှိခြင်း ဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကိုလူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ် ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကိုတိတိကျကျ ပံ့ပိုးပေးရာရောက်ပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးအစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ငွေကြေးအခက်အခဲ၊နည်းပညာအခက်အခဲများရှိနေပါသည်။သို့ဖြစ်၍လက်တွေ့ အကောင်အထည်ဖော်ရာတွင် ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေး လိုအပ်ချက်များအား အများဆုံးနှင့်အထိရောက်ဆုံး ဖြည့်ဆည်းနိုင်မည့် စီမံကိန်းများကိုဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ကျွန်ုပ်တို့၏စွမ်းရည်နှင့်လိုအပ်သောအရင်းအနှီးများပြည့်စုံမှုပေါ်မူတည်၍ နောင်တွင်တဖြည်းဖြည်း တိုးချဲ့ဆောင်ရွက်သွားမည့် အစီအစဉ်မျိုးဖြစ်ပါသည်။

## ၂။ ပထဝီအနေအထားနှင့် သဘာဝသယံဇာတအရင်းအမြစ်များ

### (က)တည်နေရာ၊ရာသီဥတုနှင့်မြေမျက်နှာသွင်ပြင်အနေအထား

ပန်ဆောင်ကျေးရွာသည် ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းယန်းမြို့နယ်၏ အရှေ့မြောက်ဘက် (၁၁)မိုင် ခန့်အကွာတွင် တည်ရှိသည်။ ကျေးရွာသည် တောင်ပေါ်ဒေသတွင် တည်ရှိပြီး စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းများသည် အဓိကအသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ဖြစ်ကြသည်။ လမ်းပန်းဆက်သွယ်ရေးတွင် ကားလမ်း၊ ဆိုင်ကယ်လမ်းကိုသာ အသုံးပြုကြသည်။ ကျေးရွာသည် မိုင်းယန်း–ကျိုင်းတုံ ကားလမ်းမကြီးဘေး (၃)မိုင်အတွင်းတွင် တည်ရှိသဖြင့် တစ်နှစ်ပတ်လုံး အလွယ်တကူသွားလာနိုင်ပါသည်။ တစ်နှစ်ပျမ်းမျှမိုးရေချိန်မှာ လက်မ ၄၀ မှ ၆၀ ကြားရှာသွန်းလေ့ရှိသဖြင့် စိုက်ပျိုးရေးလုပ်ငန်း အတွက် သင့်တော်သော အခြေနေဖြစ်သည်။

### (ခ) သဘာဝအရင်းအမြစ်

လယ်မြေနှင့် တောင်ယာမြေအသင့်အတင့်ရှိကြပြီး မြေဆီသြဇာကောင်းမွန်ပါသည်။ ရွာအနီးရှိ စိမ့်စမ်းရေဖြင့် လယ်မြေဧက ၁၃၀ ဧကကို ရေသွင်းစိုက်ပျိုးပြီး စပါးကို အဓိကသီးနှံအဖြစ်စိုက်ပျိုးသည်။ တောင်ယာဧက ၈ဧက ခန့် ရှိပါသည်။ စပါး၊ ပြောင်းဖူးတို့ကို အဓိကစိုက်ပျိုး၍ ပဲပုပ်၊ ကြက်သွန်ဖြူနှင့်မြေပဲတို့ကို အိမ်စားယုံသာစိုက်ပျိုးကြပါသည်။

## ၃။ ကျေးရွာလူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

### (က)လူဦးရေဆိုင်ရာအချက်အလက်များ

ပန်ဆောင်ကျေးရွာတွင် အိမ်ထောင်စုပေါင်း (၄၉)စု နှင့် ကျား(၁၃၇)၊ မ(၁၃၆)ဦးဖြင့် လူဦးရေပေါင်း (၂၇၃)ဦး ရှိပါသည်။ တစ်အိမ်ထောင်ရှိ ပျမ်းမျှလူဦးရေသည် (၅)ဦးနှုန်းခန့် ရှိသည်။ ကျေးရွာတွင် လားဟူလူမျိုးအများစုနေထိုင်ကြပြီး ခရစ်ယာန်ဘာသာ ကိုးကွယ်ကြသည်။

ကျေးရွာတွင် စုစုပေါင်းလူဦးရေ၏(၇၀%)သည် အလုပ်လုပ်နိုင်သော လူဦးရေဖြစ်ပြီး၊ မှီခိုသူလူဦးရေသည် (၃၀%) ရှိပါသည်။ အလုပ်လုပ်နိုင်သောအရွယ်ရှိ အမျိုးသားဦးရေသည် အမျိုးသမီးဦးရေထက် အနည်းငယ်ခန့်ပိုများသည်။

### (ခ) စီးပွားရေးအခြေအနေ – ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

စိုက်ပျိုးရေးလုပ်ငန်းသည် ကျေးရွာ၏အဓိကဝင်ငွေရလုပ်ငန်းဖြစ်ပါသည်။ ကျေးရွာသူ ကျေးရွာသားများ၏ ကိုယ်တိုင်ဆန်းစစ် အကဲဖြတ်သော ဥစ္စာဓနခွဲခြားမှု နည်းလမ်းအရ ဆင်းရဲချမ်းသာအဆင့် သတ်မှတ်မှုတွင် အိမ်ထောင်စုအားလုံး၏ (၂၀%)သည် ဆင်းရဲသော အိမ်ထောင်စုအဆင့် နှင့် (၁၀%) သည် အလွန်ဆင်းရဲသောအိမ်ထောင်စု အဆင့်အဖြစ် ခံယူကြပြီး (၂၀%)သည် ချမ်းသာသည့်အဆင့်၊ (၅၀%) သည် အလယ်အလတ်အိမ်ထောင်စု အဆင့်ရှိကြသည်ဟု ခံယူကြသည်။

### (ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု

ပန်ဆောင်ကျေးရွာ၏ ဥစ္စာကြွယ်ဝမှုအဆင့် “၃” အိမ်ထောင်စုများ၏ (၁၄%) နှင့် အဆင့်“၄”အိမ်ထောင်စုများ၏ (၁၄%) ကို ဝမ်းစာဖူလုံမှုနှင့်အကြွေးတင်ရှိမှု စစ်တမ်း ကောက်ယူမှုအရ “၃”နှင့်”၄”အိမ်ထောင်စု စုစုပေါင်းအနက်မှ စံအဖြစ်ကောက်ယူ လေ့လာထားသော အိမ်ထောင်စု (၄) စု လုံးသည် ဝမ်းစာမှုဖူလုံမှုရှိကြောင်း တွေ့ရသည်။ ၎င်းအိမ်ထောင်စုများသည် အ ကြွေးတင်ရှိမှုမရှိဟုလည်း ဆိုကြသည်။ လယ်နှင့်တောင်ယာများတွင် လယ်စပါးနှင့် တောင်ယာစပါးတို့စိုက်ပျိုးကြသဖြင့် အိမ်ထောင်စုအများစုမှာ ဆန်စပါး ဖူလုံမှုရှိသည်ဟု ဆိုကြသည်။ ဖူလုံမှုမရှိသော အိမ်ထောင်စုများသည် မိတ်ဆွေနှင့် ဆွေမျိုးများထံမှ စပါးချေးယူပြီး မိမိပိုင်လယ်မြေ (သို့) တောင်ယာမှ စပါးပေါ်လျှင် ပြန်ဆပ်ခြင်းဖြင့် ဖြေရှင်းလေ့ရှိကြောင်း သိရပါသည်။ ထို့ပြင် တစ်နိုင်တစ်ပိုင်မွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်ခြင်း၊ ဟင်းသီးဟင်းရွက် စိုက်ပျိုးခြင်း၊ လက်သမား၊ပန်းရံလုပ်ကိုင်ခြင်းများဖြင့် စားဝတ်နေရေး ဖြေရှင်းကြသည်ဟု သိရပါသည်။

### (ဃ) ကျန်းမာရေးနှင့် အာဟာရ

ပန်ဆောင်ကျေးရွာတွင် ကျေးရွာသူ/သားအများစုသည် သာမန်အားဖြင့် ကျန်းမာရေး ကောင်းမွန်ကြပြီး အာဟာရပြည့်ဝမှု ရှိကြသည်။ ကလေးငယ်အများစုမှာလည်း ကျန်းမာရေးကောင်းကြသည်။ သွေးလွန်တုပ်ကွေး ရောဂါမှာ ရံဖန်ရံခါ ဖြစ်ပွားမှုရှိကြောင်း တွေ့ရသည်။ အမျိုးသမီး၊ လူငယ်လူရွယ်၊ သက်ကြီးပိုင်းတို့သည်လည်း တစ်ကိုယ်ရည်

သန့်ရှင်းရေးနှင့် ကျန်းမာရေး အသိပညာများ အားနည်းကြသည်။ ဝမ်းပျက်ဝမ်းလျှောရောဂါမှာ သက်ကြီးရွယ်အိုများတွင် အဖြစ်များပြီး ဆီးချို၊ သွေးတိုး၊ တီဘီ ရောဂါများလည်း ဖြစ်ပွားမှုရှိသည်။ ကျေးရွာသားများအနေဖြင့် အခြေခံကျန်းမာရေး စောင့်ရှောက်မှုများကို မိုင်းလွေကျေးရွာ ကျေးလက်ကျန်းမာရေးဌာန၊ မိုင်းယန်းမြို့နယ်ဆေးရုံ၊ ဆေးခန်းနှင့် ဆေးဆိုင် များမှ ရရှိပါသည်။

ကျေးရွာတွင် သောက်သုံးရေကို စိမ့်စမ်းရေရေလှောင်ကန် မှ ရရှိပြီး မိုင်းလွေချောင်းမှ သုံးရေရယူသဖြင့် ကျေးရွာတွင်း သောက်ရေ/သုံးရေ ဖူလုံကြောင်းတွေ့ရှိရပါသည်။

**(င) ပညာရေးနှင့် ကျွမ်းကျင်မှုများ**

ကျေးရွာ၏ပညာရေးအဆင့်အတန်းသည် အသင့်အတင့်ရှိပါသည်။ အလယ်တန်း အဆင့်ထိသာ တက်ရောက်မှုများကြောင်း တွေ့ရှိရပါသည်။ ရွာသူ/သားအများစုသည် အခြေခံအရေး၊ အဖတ်၊ အတွက်နှင့် ကျေးရွာဘုန်းကြီးကျောင်းမှ သင်ပေးသော ဂုံစာ၊ ရှမ်းစာများကိုသာ တတ်မြောက်ကြသည်။ ကျေးရွာတွင် အထက်တန်းပညာရေးကို မိုင်းယန်းမြို့သို့ တက်ရောက်သင် ကြားနိုင်သော်လည်းတက်ရောက်သူဦးရေ နည်းပါးပါသည်။

**(စ) ကျား-မရေးရာ**

ပန်ဆောင်ကျေးရွာတွင် ကျားမဆိုင်ရာဆက်နွယ်မှုအနေအထားမှာ လွတ်လပ်မှုရှိသည်။ ကျားမဆိုင်ရာတာဝန်ယူမှု အပိုင်းတွင်လည်း ကျေးရွာလူမှုအဖွဲ့အစည်း၏စံနှုန်းများအရ ကောင်းစွာ သတ်မှတ်ထားကြသည်။ ကျေးရွာတွင် ကျားနှင့်မအကြား ပြင်းထန်သော အိမ်တွင်း အကြမ်းဖက်မှု နှင့် ခွဲခြားဆက်ဆံခြင်းကိစ္စများမတွေ့ရပါ။

ကျေးရွာတွင် ရှေးရိုးထုံးတမ်းကိုစွဲကိုင်လျက်ရှိပြီး အများအားဖြင့် အမျိုးသားများက ဦးဆောင်လျက်ရှိသည်။ ကျေးရွာ၏ လူဦးရေဆိုင်ရာ အချက်အလက်များအရ အမျိုးသား အရေအတွက်သည် အမျိုးသမီးလူဦးရေထက် အနည်းငယ် နည်းကြောင်းတွေ့ရသည်။ အခြား နယ်ပယ်များတွင် အခွင့်အရေးတူညီစွာရရှိသည်ဟု သာမန်အားဖြင့်ပညာရေးနှင့် ယေဘုယျ ပြောနိုင်ပါသည်။ ကျေးရွာတွင် နေ့ထွက်လုပ်အားခငွေများမှာ အမျိုးသားများက ပိုမိုရကြသည်။ အုပ်ချုပ်ရေးအဖွဲ့အစည်းများတွင်မူ အမျိုးသမီးပါဝင်မှုမှာ အလွန်လျော့နည်းလျက် ရှိသည်။ ကျား - မ တန်းတူညီမျှမှုနှင့် ပါတ်သက်၍ အသိပညာပေးခြင်းများ မြင့်တင်ဆောင်ရွက် ပေးခြင်းဖြင့် ကျား-မ တန်းတူညီမျှမှု၊ ဖွံ့ဖြိုးမှုတို့အတွက် ပိုမိုအထောက်အပံ့ ဖြစ်လာနိုင်ပါသည်။

**၄။ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ**

**(က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု**

ကျေးရွာတွင် ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့ ဖွဲ့စည်းထားရှိပါသည်။ထိုအဖွဲ့သည် ကျားမဦးရေ တန်းတူပါဝင်၍ တက်ကြွစွာပါဝင်ဆောင်ကြပါသည်။ ကျေးရွာတွင် မြစိမ်းရောင် ကျေးရွာကော်မတီ အဖွဲ့အစည်း ရှိပါသည်။ မြစိမ်းရောင်ကျေးရွာမှ ရရှိသောငွေအား အတိုးနှုန်း သက်သာစွာဖြင့် ချေးငွေလုပ်ငန်းကို လည်ပတ်ဆောင်ရွက်လျက်ရှိပါသည်။

**(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ**

ကျေးရွာတွင် စပါး၊ ပြောင်း တို့ကိုအဓိကထား စိုက်ပျိုးကြသည်။ လယ်စပါးစိုက်ဧက (၂၆၉) ဧကရှိပြီး တောင်ယာဧက (၁၃)ဧက ရှိသည်။ လယ်စပါး၏တစ်ဧကပျမ်းမျှအထွက်နှုန်းမှာ (၁၅၀၀) ကီလို ထွက်ရှိပြီး တောင်ယာစပါးပျမ်းမျှ အထွက်နှုန်းမှာ(၉၀၀)ကီလို ထွက်ရှိသည်။ တောင်ယာမြေ များတွင် ပြောင်း၊ ပဲပုတ်နှင့် မြေပဲတို့စိုက်ပျိုးပြီး ပြောင်း၏ပျမ်းမျှအထွက်မှာ (၁၆၀၀) ကီလို၊ ပဲပုတ်၏ပျမ်းမျှမ်းအထွက်မှာ (၅၀၀)ကီလိုနှင့် မြေပဲ၏ပျမ်းမျှအထွက်မှာ တင်း(၅၀) ဖြစ်ကြသည်။ တောင်သူအများစုသည် စိုက်ပျိုးရေးလုပ်ငန်းတွင် မိရိုးဖလာနည်းလမ်းကိုသာ အသုံးပြုကြသည်။

ကျေးရွာတွင် ဝက်မွေးသူအိမ်ထောင်စုအရေအတွက်မှာ တစ်ရွာလုံး၏ ၄၃% ခန့်ရှိပြီး ဒေသဝက်မျိုးများကို မွေးမြူကြသည်။ ဒေသကြက်မွေးသည့်အိမ်ထောင်စုလည်း တစ်ရွာလုံး၏ ၈၄%ရှိပါသည်။ ကျွဲမွေးသူ ( ၁၃ ) အိမ်ထောင်စုနှင့် နွားမွေးသူ (၂၆) အိမ်ထောင်စုရှိပါသည်။ ငါးမွေးမြူရေးလုပ်ငန်း လုပ်ကိုင်ရန်အတွက် သဘာဝ၊ မြေအနေအထား အဆင်မပြေသောကြောင့် စီးပွားဖြစ်ငါးမွေးမြူရေးလုပ်ငန်းများ မရှိပါ။

**(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ**

ကျေးရွာတွင် အိမ်တွင်းမှုသက်မွေးပညာဖြစ်သော ရိုးရာထည်ချုပ်လုပ်ခြင်းလုပ်ငန်း လုပ်ကိုင် သော အမျိုးသမီးအနည်းငယ်ရှိပါသည်။ အိမ်တွင်ကုန်စုံဆိုင်ဖွင့်၍ ဈေးရောင်းသော အိမ်ထောင်စုများ လည်းရှိပါသည်။ပန်းရံ၊လက်သမားအဖြစ်လုပ်ကိုင်သူများလည်းရှိသည်။

ကျေးရွာတွင်အလုပ်လုပ်နိုင်သောဦးရေမှာစုစုပေါင်းလူဦးရေ၏ထက်ဝက်ခန့်ရှိကာကျေးရွာ၏ အလားအလာကောင်း တစ်ရပ်ဖြစ်သည်။ ကျေးလက်ဦးစီးမှဖွင့်လှစ်သောအသက်မွေးဝမ်းကျောင်း အထောက်အကူပြုသင်တန်း (အပ်ချုပ်စက်) သင်တန်းသို့ တက်ရောက် အောင်မြင်ပြီးသူ အမျိုးသမီး (၆၀)ဦးခန့်ရှိသဖြင့် ကျေးရွာ၏ အလုပ်အကိုင်အခွင့်အလမ်းကို အထောက်အကူ ပြုစေသည်။

**(ဃ)သဘာဝပါတ်ဝန်းကျင်နှင့်သယံဇာတစီမံခန့်ခွဲမှု**

ပန်ဆောင်ကျေးရွာတွင် တောင်သူများသည် ဓါတုပိုးသတ်ဆေးနှင့် ဓါတုမြေသြဇာသုံးစွဲမှု နည်းပါး၍ သဘာဝမြေသြဇာဖြစ်သည့် ကျွဲချေးနှင့်နွားချေးတို့ကိုသာ အသုံးပြုကြသည်။ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုတွင် ပလပ်စတစ်အိတ်ခွံ၊ ပုလင်းခွံ၊ ဗူးခွံများကို စနစ်တကျ မစွန့်ပစ်ကြသဖြင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာအသိပညာပေးလုပ်ငန်းများ မြှင့်တင်ဆောင်ရွက် ပေးသင့်သည်။

## (င)　　ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

မြစိမ်းရောင်ကျေးရွာဖြစ်သည့်အတွက် မြစိမ်းရောင်လည်ပတ်ရန်ပုံငွေမှ အတိုးနှုန်းသက်သာစွာ ဖြင့် ချေးငွေရရှိပါသည်။ ကျေးရွာတွင် ဆွေမျိုးနှင့် ရင်းနှီးသူများထံတွင်လည်း အာမခံဖြင့် ချေးယူကြပါသည်။

## (စ)　　ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

ပန်ဆောင်ကျေးရွာတွင် အလယ်တန်းကျောင်းခွဲတစ်ကျောင်းရှိပါသည်။ အဆိုပါ အလက(ခွဲ) သည် ကျေးရွာအတွင်းသာ တည်ရှိသဖြင့် သွားရေးလာရေး အလွန်အဆင်ပြေပါသည်။ ရွာသားအများစုမှာ လားဟူစကားကိုသာ အသုံးပြုကြပြီး ကျောင်းတက်နေသည့် ကလေးအများစုသာ ဗမာစာ၊ ဗမာစကားရေးတတ်ဖတ်တတ်ကြပါသည်။တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူ(၂)ဦးရှိ၍ အဆင့်မြင့် ပညာ တက်ရောက်ခြင်းမရှိပါ။

ကျေးရွာအတွင်းတွင်ကျေးလက်ကျန်းမာရေးဌာန တည်ရှိပါသည်။ ရွာသူရွာသားများအတွက် ကျန်းမာရေးဝန်ဆောင်မှုကို ကျေးရွာကျန်းမာရေးဌာန၊ မိုင်းယန်းမြို့နယ်ဆေးရုံနှင့် ဆေးခန်းများမှ ရရှိသည်။

ဂါလံ (၅၀၀၀)ဆံ့ စိမ့်စမ်းရေသိုလှောင်ကန်မှ သန့်ရှင်းသော သောက်သုံးရေရရှိ၍ သုံးရေအတွက် ကျေးရွာရှိ မိုင်းလွေချောင်းမှ သုံးစွဲကြပါသည်။ ယင်လုံအိမ်သာကို အများဆုံးအသုံးပြုကြပါသည်။ အမှိုက်ကို ရွာအနောက်တွင်သာ စုပုံစွန့်ပစ်ကြပြီး သန့်ရှင်းကောင်းမွန်လာအောင် လုပ်ဆောင်ရန် လိုအပ်သော အနေအထားဖြစ်ပါသည်။

## (ဆ)လူငယ်နှင့် ယဉ်ကျေးမှု

ပန်ဆောင်ကျေးရွာတွင်လူငယ်များအတွက် အပန်းဖြေအနားယူနိုင်မည့် အနေအထားသီးသန့် မရှိပေ။ ကျေးရွာတွင် ဓလေ့ရိုးရာပွဲတော်များနှင့် ရိုးရာကျွဲခတ်ပွဲတော်များတွင် ကျေးရွာ လူငယ်များအားလုံးပါဝင်ဆင်နွှဲကြပါသည်။ စာပေနှင့် ယဉ်ကျေးမှုအပိုင်းတွင်လည်း

လူငယ်များ ပါဝင်မှု အားကောင်းပါသည်။ သို့သော် ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများတွင် လူငယ်များပါဝင်မှု အားနည်းပါသည်။

## (၉) အခြေခံ အဆောက်အဦ – လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး

၂၀၁၄–၂၀၁၅ ခုနှစ်တွင် ပန်ဆောင်ကျေးရွာ ကျေးရွာသွားမြေသားလမ်း(၃/၀)မိုင် နှင့်၂၀၁၅–၂၀၁၆ခုနှစ်တွင် ကျေးရွာသွားကျောက်ချောလမ်း(၃/၀)မိုင်အား ကျေးလက်ဦးစီးဌာနက ခင်းပေးခဲ့သည်။၂၀၁၇–၂၀၁၈ခုနှစ်တွင်ကျေးလက်ဦးစီးဌာနမှကွန်ကရစ်တံတားပြုပြင် ထိန်းသိမ်းခြင်း ကိုတည်ဆောက်ပေးခဲ့ပါသည်။ ရေလမ်းခရီးအသုံးပြုမှုမရှိပဲ လမ်းပမ်းဆက်သွယ်ရေးအတွက် မော်တော်ဆိုင်ကယ် အစီး(၁၃၂)၊ ထော်လာဂျီ(၂၆)စီးနှင့် ကား(၉)စီးအသုံးပြုလျက်ရှိသည်။

ကျေးရွာရှိ အိမ်ထောင်စုများသည် ဆိုလာပြားဖြင့် လျှပ်စစ်မီးသုံးစွဲပါသည်။ ကျေးရွာတွင် မိုဘိုင်းဖုန်းဆက်သွယ်ရေးကို ဈေးကွက်နှင့် အခြားလူမှုဝန်ဆောင်မှု လုပ်ငန်းများအတွက် လက်လှမ်းမှီအသုံးပြုနိုင်ကြသည်။အင်တာနက်အသုံးပြုနိုင်မှုရှိပြီးအခြားသတင်းအချက်အလက်များ အတွက် ချိတ်ဆက်အသုံး ပြုနိုင်သည်။ကျေးရွာရှိ အိမ်ထောင်စုတိုင်း တယ်လီဖုန်းများ ရှိခြင်းကြောင့် သတင်းဆက်သွယ်ရေးမှာ အလွန်ကောင်းမွန်ကြောင်း တွေ့ရှိရပါသည်။ မြို့နယ်ဌာနများသို့ ဆက်သွယ်ရာတွင် အဓိကအားဖြင့် တယ်လီဖုန်း၊ ကျေးရွာသူကြီး၊ ကျေးရွာစာရေးတို့မှတဆင့် ဆက်သွယ်ကြပါသည်။ဆက်သွယ်ရေးအတွက် အမ်ပီတီ သို့မဟုတ် အမ်အီးစီ ဖုန်းလိုင်းများကို အသုံးပြုကြပြီး အိမ်ထောင်စု တိုင်း တယ်လီဖုန်း သုံးစွဲလျှက်ရှိပါသည်။

## (၁၀)တည်ငြိမ်အေးချမ်းမှုနှင့်ပြည်သူ့လုံခြုံရေး

ကျေးရွာတွင် ရာဇဝတ်မှုခင်းဖြစ်ပွါးမှုနည်းပါးပြီး တည်ငြိမ်အေးချမ်းမှုကြောင့် ကုန်စည်ကူးသန်းရောင်းဝယ်မှုကို ချောမွေ့စေသည်။ မိုဘိုင်းတယ်လီဖုန်းဆက်သွယ်ရေးကို အသုံးပြုနိုင်ကြပြီး လိုအပ်သော သတင်းအရင်းအမြစ်များအတွက် လိုအပ်သလို ဆက်သွယ်သိရှိနိုင်သည်။ အာမခံစနစ်ကို ချိတ်ဆက်အသုံးပြုနိုင်သော်လည်း ချိတ်ဆက်ဆောင်ရွက်ရန် လိုအပ်သည်ဟု မယူဆခြင်း၊ ဗဟုသုတမရှိခြင်းတို့ကြောင့် ချိတ်ဆက်ဆောင်ရွက်သူမရှိသလောက်ပင် ဖြစ်သည်။ ကျေးရွာတွင် သဘာဝဘေးအန္တရာယ် ကျရောက်လေ့မရှိသဖြင့် သဘာဝဘေးအန္တရာယ် လျော့ပါးရေး အစီအစဉ် သီးသန့်ရေးဆွဲထားခြင်း မရှိပါ။ ကျေးရွာသားများသည် (၁၁)မိုင် ခန့်အကွာရှိ မိုင်းယန်းရဲစခန်းသို့ အလွယ်တကူ ချိတ်ဆက်နိုင်ပြီးကျေးရွာတွင် ရာဇဝတ်မှု ဖြစ်ပွါးခြင်း နည်းပါးသည်။

## ၅။ ဖွံ့ဖြိုးရေးအတွက် အထောက်ပံ့ဖြစ်စေမည့် အခြေနေကောင်းများ၊ အဟန့်အတားနှင့် စိန်ခေါ်မှုများ

### (က) ဖွံ့ဖြိုးရေး အတွက် အထောက်ပံ့ဖြစ်စေမည့် အခြေနေများ

သဘာဝအရင်းအမြစ်များတွင် လယ်မြေများသည် မြေပြန့်ဖြစ်ပြီးမြေဆီဩဇာ အတော်အသင့် ကောင်းမွန်သည်။ရာသီဥတုကောင်းမွန်ပြီး ရာသီပေါ်သီးနှံများ စိုက်ပျိုးဖြစ်ထွန်းနိုင်ပါသည်။ ကျေးရွာတွင် မိုင်းလွေချောင်းမှ နွေစပါးများ ရေသွင်းစိုက်ပျိုးနိုင်သည်။ ကျေးရွာသည် မိုင်းခတ်၊ မိုင်းယန်းနှင့် ကျိုင်းတုံမြို့များသို့ ကားလမ်းဖြင့် ကူးသန်းသွားလာနိုင်သည်။ အနီးပတ်ဝန်းကျင်တွင် လမ်းခင်းကျောက်ထုတ်ယူရန်ကျောက်တောင်များရှိပြီးခေျာင်းများအတွင်းမှသဲကျောက်များရရှိနိုင်ကာ လမ်းခင်းရာတွင် အသုံးပြုနိုင်သည်။

ကျေးရွာတွင် မွေးမြူရေးထွက်ကုန်ရောင်းချရန် ဈေးကွက်ကောင်းသည် အထူးသဖြင့် ကြက်နှင့်ဝက်ကို တိုးချဲ့မွေးမြူရန်အခွင့်အလမ်းသာသည်။

ကျေးရွာတွင် ရာဇဝတ်မှုခင်းဖြစ်ပွါးမှုနည်းပါးပြီး တည်ငြိမ်အေးချမ်းမှုကြောင့်ကုန်စည်ကူးသန်းရောင်းဝယ်မှုကို ချောမွေ့စေသည်။ ကျေးရွာတွင် မိုဘိုင်းဖုန်းဆက်သွယ်ရေးကို ဈေးကွက်နှင့် အခြားလူမှုဝန်ဆောင်မှုလုပ်ငန်းများအတွက် လက်လှမ်းမှီအသုံးပြုနိုင်ကြသည်။ ကျေးရွာတွင် အင်တာနက် သုံးစွဲသူ အသင့်အတင့်ရှိပါသည်။

### (ခ) အဟန့်အတားနှင့် စိန်ခေါ်မှု

ကျေးရွာရှိ လယ်ယာမြေများမှာ မြေဆီလွှာ အသင့်အတင့်ကောင်းမွန်သည်မှအပ အခြားသယံဇာတများမထွက်ရှိပါ။ လယ်ယာမြေကို ထပ်မံတိုးချဲ့ရန်မှာ မဖြစ်နိုင်သဖြင့် လယ်သမားများအဖို့ အထွက်နှုန်းတိုးမြင့်အောင် အားစိုက်ရပေမည်။

စိုက်ပျိုးသီးနှံထုတ်လုပ်မှုတွင်မိရိုးဖလာနည်းကိုသာအသုံးပြုမှုများပြားပြီးသက်ဆိုင်ရာဌာနဖြင့် ချိတ်ဆက်မှုနည်းပါးသည်။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အသေးစားကုန်ထုတ် လုပ်ငန်းများ လုပ်ကိုင်နိုင်ရန် ကျေးလက်ဦးစီးဌာနမှ အတိုးနှုန်းသက်သာစွာဖြင့် မြစိမ်းရောင်ရန်ပုံငွေ မှ ချေးငွေရရှိသော်လည်းမွေးမြူရေးလုပ်ငန်းကိုနေရာအခက်ကြောင့် တိုးချဲ့လုပ်ကိုင်ရန် ခက်ခဲပါသည်။

## ၆။ ပန်းတိုင်နှင့် မဟာဗျူဟာ

### (က) ဖွံ့ဖြိုးရေးပန်းတိုင်

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှအဖွဲ့နှင့်တိုင်ပင်ညှိနှိုင်းပြီးလာမည့်ငါးနှစ်တာ ကာလအတွက် ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို အောက်ပါအတိုင်း ချမှတ်ထားပါသည်။

က.၁) ကျွန်ုပ်တို့ကျေးရွာလူထုသည် ကျေးရွာတွင်းရှိလမ်းများအား ရာသီမရွေးသွားလာနိုင်သော လမ်းများ အဖြစ်ဆောင်ရွက်သွားမည်။

က.၂) ကျွန်ုပ်တို့ကျေးရွာလူထုသည် ကျေးရွာအစည်းအဝေးခန်းမတစ်ခု ရရှိရန်ဆောင်ရွက်ခြင်း၊ ရပ်ရွာလူထုအစည်းဝေးပွဲများတွင် ရွာသူရွာသား အားလုံးပါဝင်လာနိုင်ရမည်။

က.၃) ကျွန်ုပ်တို့ကျေးရွာလူထုသည် ကုန်ထုတ်လုပ်မှုမြှင့်တင်ရာ၌ အရေးပါသော ကျေးရွာ ကုန်ထုတ်လမ်းများ ဖောက်လုပ်ခြင်း၊ ကုန်စည်ပို့ဆောင်သောလမ်းများ အဆင်ပြေချောမွေ့အောင် ဆောင်ရွက်သွားမည်။

က.၄) ကျေးရွာတွင် သောက်သုံးရေလုံလောက်စွာ ရရှိရန် ရေစုကန်တစ်ကန်ဆောက်လုပ်ပြီး ပိုက်များဖြင့်အိမ်တိုင်ရာရောက်သွယ်ယူ အသုံးပြုနိုင်ရန် ဆောင်ရွက်သွားမည်။

**(ခ) အကောင်အထည်ဖော်နည်းဗျူဟာ**

ကျွန်ုပ်တို့သည် အထက်တွင်ဖော်ပြထားသော ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို ရောက်ရှိရန် အောက်ပါအကောင်အထည်ဖော်မှုများကို ဆောင်ရွက်သွားကြမည်။

ခ.၁) ကျေးရွာတွင်းရှိ ရွာတွင်းလမ်းများအား ကွန်ကရစ်လမ်းအဖြစ်အဆင့်မြှင့်တင်၍ ရာသီမရွေး သွားလာနိုင်သောလမ်းများအဖြစ်ဆောင်ရွက်သွားမည်။

ခ.၂) ကျေးရွာတွင် ရပ်ရေးရွာရေးဆွေးနွေးပွဲများ ဆောင်ရွက်နိုင်ရန် နှင့် ကျေးရွာလုံးကျွတ် တက်ရောက်နိုင်ရန်အတွက် ခန်းမတစ်ခု တည်ဆောက်သွားမည်။

ခ.၃) လယ်ယာကုန်ထုတ်လမ်းများဖောက်လုပ်ခြင်းဖြင့်လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ပါသည်။ အရင်းအနှီးငွေ၊ နည်းပညာနှင့် နည်းပညာအသုံးချနိုင်စွမ်း ရရှိရေးတို့ကို ဆောင်ရွက်ပြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်သွားမည်။ အလားတူပင် ကျေးရွာတွင် စိုက်ပျိုးရေး၊မွေးမြူရေးနည်းပညာများထွန်းကားလာရေးအတွက်စိုက်ပျိုးရေး၊မွေးမြူရေးနည်းပညာ သင်တန်းများတက်ရောက်နိုင်ရေးအတွက် သက်ဆိုင်ရာ နည်းပညာဌာနများနှင့် ချိတ်ဆက် ဆောင်ရွက်သွားမည်။ ကျေးလက်ဦးစီးဌာနမှလည်း စိုက်ပျိုးရေး/မွေးမြူရေးသင်တန်း များကို ကျေးရွာများတွင် ဖွင့်လှစ်ဆောင်ရွက်ပေးပါသည်။ သင်တန်းတက်ထားသူများက တဖန်ကျေးရွာတွင် ရရှိထားသောနည်းပညာများကို မျှဝေပေးပြီး မိမိတို့ကိုယ်တိုင်ကလည်း ကိုယ်ပိုင်လုပ်ငန်းများတွင် အသုံးချကာ ထုတ်လုပ်မှု တိုးတက်စေမည်။

၁.၄) ကျေးရွာတွင် သောက်သုံးရေလုံလောက်စွာ ရရှိရန် ရေစုကန်တစ်ကန်ဆောက်လုပ်ပြီး ပိုက်များဖြင့်သွယ်ယူ အသုံးပြုနိုင်ရန် နှင့် ကျေးရွာတွင်း အိမ်တိုင်ရာရောက်စနစ် ဖြင့်ဆောင်ရွက်သွားမည်။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနနှင့် ချိတ်ဆက်ပြီး သောက်သုံးရေလုံလောက်စွာ ရရှိရေး ဆောင်ရွက်သွားမည်ဖြစ်သည်။

## ၇။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များနှင့် ဗဟိုအဆင့်မူဝါဒများ အကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ

အစိုးရ၏မူဝါဒနှင့် လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရဌာနဆိုင်ရာများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာ အကြံပေးအဖွဲ့တို့၏ အကြံပြုချက်အရ ပြုစုဖော်ပြထားပါသည်။ ဤအဖွဲ့အစည်းများ အနေဖြင့် နိုင်ငံတော်အဆင့်မှသည် ဒေသဆိုင်ရာအဆင့်၊ ထိုမှတစ်ဆင့် ကျွန်ုပ်တို့ ကျေးရွာအဆင့်ထိ ပံ့ပိုးမှုပေးနိုင်မည့်အစိုးရဌာနများနှင့် အဖွဲ့အစည်းများကို ရှာဖွေဖော်ထုတ်ပေးနိုင်ကြပါသည်။

### (က) ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ရေးဆွဲခြင်းနှင့် ပုံမှန်စိစစ်ခြင်း

ဤကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်လုပ်ငန်းအား နည်းပညာအထောက်အပံ့များ ပံ့ပိုးပေးမှုသည် အလွန်အရေးပါပါသည်။ အနာဂါတ်တွင်လည်း ရေရှည်တည်တံ့မည့် အထောက်အပံ့များကို နိုင်ငံတော်အစိုးရထံမှ ရရှိမည်ဟု မျှော်လင့်ပါသည်။ ကျွန်တော်တို့ ကျေးရွာသားများကိုယ်တိုင်အားထုတ်လုပ်ကိုင်ရရှိခဲ့မှုများကိုပြန်လည်စိစစ်ခြင်း၊နောက်ဆုံးအတည်ပြုထားသည့်ဖွံ့ဖြိုးရေးအစီအစဉ်များကိုလည်း သတ်မှတ်ကာလ အတိုင်း ပုံမှန်စိစစ်သွား နိုင်ပါမည်။အရေးကြီးသည့်အချက်မှာ ဦးစားပေးစီမံချက်များနှင့်ဘတ်ဂျတ်ပမာဏပါဝင်သည့်နှစ်ပါတ်လည်ဖွံ့ဖြိုးရေးစီမံချက်ပြင်ဆင်ရန် ဖြစ်သည်။

### (ခ) စိုက်ပျိုးမြေများ ထိရောက်စွာ အသုံးချနိုင်ရေး၊

ကျေးရွာတွင် လယ်မြေများတွင်မိုးစပါးနှင့် တောင်ယာမြေများတွင် ပြောင်းဖူး၊ မြေပဲ၊ ပဲပုတ်တို့ကို စိုက်ပျိုးကြသည်။ သီးနှံစိုက်ပျိုးထုတ်လုပ်မှုတွင် မိရိုးဖလာနည်းကိုသာ အသုံးပြုကြပါသည်။ နည်းပညာအသုံးပြုပုံများ အပါအဝင် မျိုးကောင်းမျိုးသန့် အသုံးပြုရေးအတွက် စိုက်ပျိုးရေး ဦးစီးဌာန နှင့် ချိတ်ဆက်ဆောင်ရွက်သင့်ပါသည်။

### (ဂ) ငွေရေးကြေးရေးနှင့်ဘဏ်လုပ်ငန်းများ

ဘဏ်လုပ်ငန်းများကလည်း ဆင်းရဲတောင်သူ၊အလယ်အလတ်တောင်သူနှင့် တောင်သူကြီးများအတွက် လိုအပ်သောချေးငွေရရှိရန် စနစ်များပြောင်းလဲချမှတ်သင့်သည်။ လယ်သမားများသည်

စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများအတွက် ကျေးလက်ဦးစီးဌာနမှ မြစိမ်းရောင်ချေးငွေ ရရှိပါသည်။

**(ဃ) အသက်မွေးဝမ်းကျောင်းဆိုင်ရာလုပ်ငန်းများဆိုင်ရာအထောက်အပံ့**

ကျေးရွာတွင် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများအပြင် အိမ်ဆိုင်လုပ်ငန်းများ လုပ်ကိုင်ကြပါသည်။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှအပ်ချုပ်သင်တန်း ဖွင့်လှစ်ပေး သဖြင့် ရိုးရာထည်ချုပ်လုပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်လာကြပြီဖြစ်ပါသည်။

**၈။ စီမံကိန်း၊ စီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မှု အချိန်ကာလ**

စီမံချက်များသည် အကောင်အထည်ဖော်မည့်ဗျူဟာများကို လုပ်ငန်းဆောင်ရွက်မှုများအဖြစ် သဘောထားနားလည်နိုင်စေမည့် ဖော်ထုတ်ထားချက်များဖြစ်သည်။ ထို့ကြောင့် စီမံချက်များသည် ငါးနှစ်တာစီမံချက်ကာလအတွင်းချမှတ်ထားသောပန်းတိုင်များကိုရောက်ရှိရန်ပါဝင်ပေးမည့်ဖွံ့ဖြိုးရေး လုပ်ငန်းအကောင်အထည်ဖော်မှု ဆိုင်ရာ အဓိကသော့ချက်များဖြစ်သည်။

**(က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်**

ကျေးရွာလူထုမှ ငါးနှစ်တာစီမံချက်ကာလအတွက် ပြင်ဆင်ပြုစုကြသည့်ကာလနှင့် ဖော်ထုတ်ဦးစားပေး တန်းစီခဲ့ကြသည့် စီမံချက်များသည် အလုံးစုံ ပြည့်စုံမှုမရှိနိုင်ပါ။ ဆိုလိုသည်မှာ ကျေးရွာလူထုသည် ဤသို့ မျှော်မှန်းရေးဆွဲထားပြီးသော်လည်း ငါးနှစ်တာကာလ တစ်လျှောက်လုံး တွင် နောက်ထပ်ဆောင်ရွက်မည့် ဦးစားပေးလုပ်ငန်းများကိုလည်း ထပ်မံဖော်ထုတ်သွားကြမည်ဖြစ်ပါသည်။ သို့ပါသောကြောင့်ရေးဆွဲထားသည့် ငါးနှစ်တာစီမံချက်သည် ပြင်းထန်သောသဘာဝဘေးအန္တရာယ် ကဲ့သို့ ထိခိုက်စရာများ မပေါ်ပေါက်ပါက အနည်းနှင့် အများဆိုသလို ပြောင်းလဲမှုမရှိနိုင်ပဲ နောက်ထပ် တိုးလာမည့် လုပ်ငန်းစီမံချက်များသာ ပါဝင်လာနိုင်ပါမည်။ထို့ကြောင့် ငါးနှစ်တာကာလ ကျေးရွာဖွံ့ဖြိုးရေးစီမံချက်၏ ဗျူဟာမူဘောင်အတွင်း နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ကို ဆောင်ရွက်သွားကြပါမည်။

**(ခ)ကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ စီမံချက်ကို အုပ်စုခွဲခြားခြင်း**

စီမံကိန်း၊ စီမံချက်များ စီမံချက်ဆိုင်ရာအချက်အလက်များကို စီစစ်စိတ်ဖြာနိုင်ရန် အတွက် လုပ်ငန်းဆိုင်ရာနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာစသည်ဖြင့် အခြေခံပြီး အုပ်စုခွဲသည်။ လုပ်ငန်းကဏ္ဍကို အခြေခံသောစီမံကိန်းအုပ်စု (Functional classification) သတ်မှတ်ခြင်းဖြင့် ဝန်ကြီးဌာနများ၊ ဦးစီးဌာနများအတွက် သက်ဆိုင်ရာလုပ်ငန်းများအလိုက် မည်သို့ဆောင်ရွက်ရမည်ကိုသိရှိနားလည်

စေနိုင်သည်။ ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကိုအခြေခံသောအုပ်စု (Economic classification) သတ်မှတ်ခြင်းသည် စီမံချက်ကို အကဲဖြတ်ရာတွင် စီးပွားရေးအကျိုး ဖြစ်ထွန်းမှုနှင့်အကျိုးသက်ရောက်မှုဆိုင်ရာ ငွေလုံးငွေရင်းအသုံးစရိတ်၊ စွမ်းဆောင်ရည်မြှင့်တင်ရေး၊ လူသားချင်းဆိုင်ရာထောက်ပံ့မှုတို့ကို ခွဲခြားသိရှိစေရန် အထောက်အကူပြုသည်။

လုပ်ငန်းကဏ္ဍကို အခြေခံသော စီမံကိန်းအုပ်စုသတ်မှတ်ခြင်းတွင် ဝန်ကြီးဌာနများ၊ ဦးစီးဌာနများကယင်းတို့၏လုပ်ငန်းတာဝန်များအလိုက် ဖော်ထုတ်ထားသော လုပ်ငန်းကဏ္ဍအပိုင်းအခြားများကိုသိရှိစေနိုင်သည်။

ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကိုအခြေခံသော စီမံကိန်းအုပ်စုသတ်မှတ်ခြင်းတွင်

- သာမန်အသုံးစရိတ်
- ငွေလုံးငွေရင်းအသုံးစရိတ်၊
- စွမ်းဆောင်ရည်မြှင့်တင်ရေးအသုံးစရိတ်
- လူသားချင်းစာနာမှုဆိုင်ရာ အထောက်အပံ့ တို့ ပါဝင်သည်။

### (ဂ) ဦးစားပေးစီမံချက်များ

စီမံချက်များအလိုက် ဦးစားပေးအစီအစဉ်များကို ဇယားဖြင့်ဖော်ပြထားပါသည်။ ကျေးရွာလူထုသည် နှစ်သက်ရာအမှတ်ပေးအဆင့်ခွဲခြင်းစနစ်ဖြင့် ရွာလုံးကျွတ်အစည်းအဝေးတွင် စီမံချက်များဦးစားပေးအစီအစဉ်ကို ဖော်ထုတ်ထားပါသည်။ တချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာအဖွဲ့များအစည်းများနှင့် အခြားအေဂျင်စီများထံမှ နည်းပညာအကူအညီများ ရရှိရန်လည်း လိုအပ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက်လုပ်ငန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

# ဦးစားပေးစီမံချက်များ

| ကဏ္ဍ | စီမံချက် | ရမှတ်ပေါင်း | အဆင့် | ရှင်းလင်းဖော်ပြချက် | မှတ်ချက် |
|---|---|---|---|---|---|
| | | | | | |
| **ရေပေးရေး** | သောက်သုံးရေကန်တည်ဆောက်ခြင်း။ | ၇၀ | ၃ | ကျေးရွာတွင်ရေစုကန် တစ်ကန်ထပ်မံ လိုအပ်ပါသည်။ အတိုင်းအတာအားဖြင့် ၁၅'၁၀'၆' ရှိသောသုံးရေကန်တစ်ခုကိုကျေးရွာဖွံ့ဖြိုးရေးအဖွဲ့မှ ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနထံသို့အကူအညီ တောင်းခံကာ ရေစုကန်ဆောက်လုပ်ရန် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ | |
| **ဖွံ့ဖြိုးရေး** | မိုင်းလွေချောင်းနုန်းဆယ်ခြင်း | ၅၀ | ၇ | မိုးရာသီတွင်မိုင်းလွေချောင်းသည် ရေကြီးလေ့ရှိသဖြင့် လယ်ယာများဆုံးရှုံးနစ်နာမှုများပါသည်။ | |
| **အခြေခံအဆောက်အဦ** | ဘက်စုံသုံးကျေးရွာခန်းမတည်ဆောက်ခြင်း | ၈၅ | ၂ | အစည်းဝေးကျင်းပခြင်းအတွက်နေရာအခက်အခဲဖြစ်နေသည့်အတွက်ခန်းမတည်ဆောက်ရန် ကုန်ကျမည့်ကုန်ကျစရိတ်ကိုသက်ဆိုင်ရာသို့တင်ပြတောင်းခံသွားမည်။ | |
| **ပညာရေး** | ကျောင်းဝင်းအတွင်းမြေဖို့ခြင်း | ၆၅ | ၄ | မူလတန်းကျောင်းခွဲ မိုးရာသီတွင် ကျောင်းဝင်းအတွင်းသွားလာရခက်ခဲသဖြင့် မြေဖို့ခြင်းလုပ်ငန်းဆောင်ရွက်ခြင်းဖြစ်ပါသည်။ | |

| | | | | | |
|---|---|---|---|---|---|
| | ကျောင်းဆရာမနေအိမ် ဆောက်လုပ်ပေးခြင်း | ၅၅ | ၅ | ဆရာ/ဆရာမများ၏ နေရေးထိုင်ရေး ခက်ခဲသဖြင့် နေအိမ်ဆောက်လုပ်ပေးရန် လိုအပ်ပါသည်။ | |
| **လမ်း/တံတား** | လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာစေရေး | ၄၇ | ၁ | ပန်ဆောင်ကျေးရွာလမ်းများသည်မိုးရာသီတွင်ရေဝပ်ခြင်းများကြောင့် သွားလာရခက်ခဲပါသည်။ ထို့ကြောင့် ကျေးရွာဖွံ့ဖြိုးရေးကော်မတီကကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ပူးပေါင်းပြီး ကျေးရွာကိုအစည်းအဝေးခေါ်ယူကာ ကျေးရွာလမ်းများပိုမိုကောင်းမွန်အောင် ပြုပြင်ခြင်းကို လုပ်ဆောင်လိုသည့် လုပ်ငန်းရပ်ဖြစ်သည်။ | |
| | လယ်ယာကုန်ထုတ်လမ်း ဖောက်လုပ်ခြင်း | ၅၀ | ၆ | ရွာမှလယ်ယာများသို့ သွားရောက်သည့်လမ်းများသည်သွားလာရခက်ခဲပါသည်။ကုန်စည်ရောင်းဝယ်မှုများ နှောင့်နှေးပါသည်။ ထို့ကြောင့်လယ်ယာကုန်ထုတ်လမ်းဖောက်လုပ်ခြင်းကို သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။ | |

## (ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

ကျေးရွာလူထုကဖော်ထုတ်ရေးဆွဲထားသောဦးစားပေးစီမံချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန် စီမံကိန်းကာလကို ကွင်းဆင်းဆောင်ရွက်ချက်များကို အခြေခံ၍ ရေးဆွဲထားပါသည်။ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းကာလများကိုနှစ်စဉ်ပြုပြင်ရေးဆွဲပါမည်။ စီမံကိန်းကာလအပိုင်းအခြားကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။

| စဉ် | စီမံချက် | ဦးစားပေး အဆင့် | ၂၀၁၈ | ၂၀၁၉ | ၂၀၂၀ | ၂၀၂၁ | ၂၀၂၂ |
|---|---|---|---|---|---|---|---|
| ၁ | ကျေးရွာတွင်းလမ်းအား ကွန်ကရစ်လမ်း ခင်းခြင်း | ၁ | √ | | | | |
| ၂ | ဘက်စုံသုံးကျေးရွာခန်းမတည်ဆောက်ခြင်း | ၂ | √ | | | | |
| ၃ | ရေစုကန်တည်ဆောက်ခြင်း | ၃ | | √ | | | |
| ၄ | စာသင်ကျောင်းဝင်းအတွင်းမြေဖို့ခြင်း လုပ်ငန်း | ၄ | | | √ | | |
| ၅ | ဆရာ/ဆရာမနေအိမ်ဆောက်လုပ်ပေးခြင်း | ၅ | | | | √ | |
| ၆ | လယ်/ယာသွား မြေသားလမ်းဖောက်လုပ်ခြင်း | ၆ | | | | | √ |
| ၇ | မိုင်းလွေချောင်းနှုန်းဆည်ခြင်းလုပ်ငန်း | ၇ | | | | | √ |

## ၉။ ဘတ်ဂျတ်နှင့်ငွေကြေးဆိုင်ရာအစီအစဉ်

အောက်ပါဇယားတွင် ဖေါ်ပြထားသောစီမံချက်အလိုက် ဘတ်ဂျက်ပမာဏများသည် ရည်ညွှန်းနမူနာ(indicative)အဖြစ် ကိုးကားရန် ပမာဏသာ ဖြစ်ပါသည်။ အမှန်တကယ် လိုအပ်သောဘတ်ဂျက်ပမာဏတွက်ချက်နိုင်ရန် အသေးစိတ်ဆက်လက်၍ ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးကော်မီတီသည် တချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့်ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် ဝန်ဆောင်မှုပေးသည့်လုပ်ငန်းများထံမှ ဘတ်ဂျတ် အပါအဝင်စီမံချက်ပြုစုရေးဆွဲရေး အကူအညီများ ရရှိရန်လည်း လိုအပ်ပါသည်။ ဖော်ပြထားသောရည်ညွှန်းဘတ်ဂျက်ပမာဏတွင် ကျေးရွာလူထု၏ ငွေသားမဟုတ်သော ထည့်ဝင်မှုများကို

ထည့်သွင်းဖေါ်ပြထားခြင်း မရှိပါ။ (ငွေသားမဟုတ်သောထည့်ဝင်မှု၊ ဥပမာ လုပ်အား၊သဲ၊ကျောက်၊ ပစ္စည်းကိရိယာ၊အချိန် စသည်)

**စီမံချက်ဘတ်ဂျတ်**

| စဉ် | စီမံချက် | ရန်ပုံငွေ (သိန်း) | ရင်းနှီးမြှုပ်နှံမှုအရအုပ်စုသတ်မှတ်ခြင်း(ကျပ်) | | | |
|---|---|---|---|---|---|---|
| | | | သာမန် အသုံး စရိတ် | ငွေလုံးငွေရင်းအသုံးစရိတ် | | လူသားချင်း စာနာမှု ဆိုင်ရာ ထောက်ပံ့မှု |
| | | | | ငွေလုံး ငွေရင်းအ သုံးစရိတ် | စွမ်းဆောင် ရည်မြှင့် တင်ရေး | |
| ၁ | ကျေးရွာတွင်းလမ်းအား ကွန်ကရစ် လမ်း ခင်းခြင်း | | | √ | | |
| ၂ | ဘက်စုံသုံးကျေးရွာခန်းမတည်ဆော က်ခြင်း | | | √ | | |
| ၃ | ရေစုကန်တည်ဆောက်ခြင်း | | | √ | | |
| ၄ | စာသင်ကျောင်းဝင်းအတွင်းမြေဖို့ခြင်း လုပ်ငန်း | | | √ | | |
| ၅ | ဆရာ/ဆရာမနေအိမ်ဆောက်လုပ်ပေး ခြင်း | | | √ | | |
| ၆ | လယ်/ယာသွား မြေသားလမ်းဖောက်လုပ်ခြင်း | | | √ | | |

## ၁၀။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကိုကျေးရွာလူထုကဦးဆောင်အကောင်ထည်ဖော်မည်ဖြစ်သဖြင့် လုပ်ငန်းအောင်မြင်ရေးနှင့် ရည်မှန်းချက်များသို့ ရောက်ရှိရေးသည် ကျေးရွာတွင်တာဝန်ရှိပါသည်။

### (၁၀-၁) ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့၏ အခန်းကဏ္ဍ

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းတွင် ပါဝင်သောစီမံကိန်းလုပ်ငန်းများကို ထိရောက်စွာ ကောင်အထည်ဖော် ဆောင်ရွက်ရန်မှာ ကျွန်ုပ်တို့ကျေးရွာလူထု၏တာဝန် ဖြစ်ပါသည်။ ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့သည် ပေါင်းစပ်ညှိနှိုင်းရေးနှင့် စီမံခန့်ခွဲရေး တာဝန်ကိုအဓိကယူပါမည်။ အဖွဲ့အစည်းအသီးသီး၊ကော်မတီအသီးသီးအားတာဝန်များခွဲဝေအပ်နှင်း၍ သက်ဆိုင်ရာစီမံကိန်းများ

ဆောင်ရွက်နိုင်ရန် ဦးဆောင်ပါမည်။ ဥပမာ-မိဘဆရာအသင်းသည် ကျေးရွာမူလတန်းကျောင်း၏ ပညာရေးအရည်အသွေးကောင်းမွန်တိုးတက်ရန်တာဝန်ယူဆောင်ရွက်စေ၍လယ်သမားအဖွဲ့ကကျေးရွာလယ်ယာထုတ်ကုန်စီးဆင်းမှုလွယ်ကူ ချောမွေ့စေရန်လမ်းအဆင့်မြှင့်ခြင်းလုပ်ငန်းကို တာဝန်ယူဆောင်ရွက်စေခြင်းဖြစ်ပါသည်။

## (၁၀-၂) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်း

ကျွန်ုပ်တို့ကျေးရွာကော်ဖွံ့ဖြိုးရေးအဖွဲ့ကဖွံ့ဖြိုးရေးစီမံကိန်းများအကောင်အထည်ဖော်ရာတွင် ဦးဆောင်စီမံခန့်ခွဲမှုအပိုင်းကို တာဝန်ယူဆောင်ရွက်သော်လည်း အခြားသောဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့များကိုလည်းရှာဖွေဆက်သွယ်ပူးပေါင်းရန်လိုပါမည်။ကျွန်ုပ်တို့ကိုယ်တိုင်မတတ်နိုင်သောအကူအညီများရယူဆောင်ရွက်ရန်ဖြစ်ပါသည်။ ဥပမာမိဘဆရာအသင်းသည် မူလတန်းပညာရေးသင်ကြားမှုအရည်အသွေးတိုးတက်ရေးဆောင်ရွက်ရန်မြို့နယ်ပညာရေးဌာနနှင့်ချိတ်ဆက်ညှိနှိုင်းဆောင်ရွက်ရပါမည်။လယ်သမားအဖွဲ့အစည်းကလည်းလယ်ယာကုန်ထုတ်လုပ်ငန်းတိုးတက်ရေးအတွက်အထောက်အကူပြုလမ်းအဆင့်မြှင့်တင်ရန်မြို့နယ်ဆောက်လုပ်ရေးဌာနနှင့်ဆက်သွယ်၍အင်ဂျင်နီယာဒီဇိုင်းပုံစံနှင့် တွက်ချက်မှုဆိုင်ရာအကူအညီများရယူရပါမည်။

## (၁၀-၃) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းများ၏ အသေးစိပ်လုပ်ငန်းအမျိုးအစားဖော်ပြချက်တွင် တင်ဒါခေါ်ယူ ဆောင်ရွက်ရမည့် ကိစ္စများကိုလည်းတွေ့ရပါမည်။ ဤလုပ်ငန်းအမျိုးအစားများအတွက် အောက်ပါအဖွဲ့ အစည်း/ပုဂ္ဂိုလ်များ၏ ပါဝင်မှုမှာအမှန်ပင် လိုအပ်ပါမည်။

- ❖ ဆောက်လုပ်ရေး၊ ကြီးကြပ်ရေးစသည့် လုပ်ငန်းများအတွက် ကန်ထရိုက်များ
- ❖ စိုက်ပျိုးရေး၊ မွေးမြူရေးစသည့် သင်တန်းများအတွက် နည်းပညာဆိုင်ရာနှင့် စီမံခန့်ခွဲမှုဆိုင်ရာဝန်ဆောင်မှုပေးသည့်အဖွဲ့များ(နိုင်ငံတကာဖွံ့ဖြိုးမှုအဖွဲ့အစည်းများ၊ ဒေသဖွံ့ဖြိုးရေးအဖွဲ့ အစည်းများ၊ ပုဂ္ဂလိကအဖွဲ့အစည်များ၊ လူထုအဖွဲ့အစည်းများ)

ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့်အဖွဲ့အစည်းများကစီမံကိန်းလုပ်ငန်းတွင်ဖော်ပြထားသောသတ်သတ်မှတ်မှတ်ကိစ္စများကိုသာကြီးကြပ်မှုပေးမည်ဖြစ်ပြီး လုပ်ငန်းတစ်ခုလုံး လွှမ်းခြုံကြီးကြပ်ရန် တာဝန်မှာ ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့ကတာဝန်ပေးထားသောအဖွဲ့၏ တာဝန်သာဖြစ်ပါသည်။ အချို့ကိစ္စများတွင် ကြီးကြပ်ရေးတာဝန်မှာ မြို့နယ်သက်ဆိုင်ရာဦးစီးဌာနက တာဝန်ယူပါမည်။

ဤကိစ္စမျိုးတွင် ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့သည် တာဝန်ပေးထားသောအဖွဲ့ကို ဦးဆောင်၍ မြို့နယ်ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်ပါမည်။

## ၁၀.၄ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက်အဖွဲ့အစည်းဆိုင်ရာအစီအစဉ်များနှင့် ငွေကြေးဆိုင်ရာအစီအမံများ

ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့ အနေဖြင့် လုပ်ငန်းတစ်ခုချင်းစီအတွက် ရေရှည်တည်တံ့ရေးအစီအစဉ်များထားရှိမည်။ဥပမာအားဖြင့်တံတားဆောက်လုပ်ခြင်းလုပ်ငန်းတွင် အသုံးပြုသူများထံမှ အသုံးပြုခကောက်ခံခြင်း၊ စေတနာအလျောက်ထည့်ဝင်လိုသူများထံမှ အလှူငွေကောက်ခံခြင်းတို့ကို ဆောင်ရွက်မည်။ထို့အပြင်တံတားပေါ်ဖြတ်သန်းသွားလာသယ်ယူမည့်ပစ္စည်းများ၏ပမာဏကိုကန့်သတ်ခြင်းကဲ့သို့သောစည်းကမ်းများသတ်မှတ်မည်။

ဖွံ့ဖြိုးရေးလုပ်ငန်းများ ရေရှည်တည်တံ့ရေးအတွက် လုပ်ငန်းအလိုက်သက်ဆိုင်ရာအဖွဲ့အားတာဝန်အပ်နှင်းဆောင်ရွက်မည် ဖြစ်ပါသည်။ ဥပမာအားဖြင့် တံတားပြုပြင်ထိန်းသိမ်းရေး အတွက် လမ်းကော်မတီ၊ စာသင်ကျောင်းပြုပြင်ထိန်းသိမ်းရေးအတွက် မိဘဆရာအသင်းစသည်ဖြင့် ဆောင်ရွက်ပါမည်။

## ၁၁။ စီမံကိန်းအားစဉ်ဆက်မပြတ်လေ့လာဆန်းစစ်ခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း

ကျွန်ုပ်တို့၏ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းကို အကောင်အထည်ဖော်ရာတွင် တိုးတက်မှုအခြေအနေများအားစနစ်တကျကြီးကြပ်စစ်ဆေးအကဲဖြတ်ကြပါမည်။အစကနဦး၌ကြီးကြပ်စစ်ဆေးအကဲဖြတ်ခြင်းလုပ်ငန်းကို ရိုးရှင်းလွယ်ကူသော နည်းလမ်းများဖြင့်ဆောင်ရွက်ပါမည်။ သို့မှသာရည်ရွယ်သည့်အတိုင်း ကြီးကြပ်စစ်ဆေးအကဲဖြတ်သည့်လုပ်ငန်းကို ပြီးမြောက်အောင်ဆောင်ရွက်နိုင်ပါလိမ့်မည်။

လူထုဗဟိုပြု၍အားလုံးပူးပေါင်းပါဝင်သောကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းအကောင်အထည်ဖော်သောနည်းလမ်းကို လက်ကိုင်ကျင့်သုံးသည့်အလျောက် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကြီးကြပ်စစ်ဆေးသုံးသပ်ရာတွင်ကျေးရွာအတွင်းရှိအဖွဲ့အစည်းများ၊အိမ်ထောင်စုများတက်ကြွစွာအတူပူးပေါင်းဆောင်ရွက်ရန်ဆောင်ရွက်ပါမည်။ဤသို့ဆောင်ရွက်နိုင်ရန် သင့်တော်သောအဖွဲ့အစည်းစနစ်၊ လုပ်ထုံးလုပ်ငန်းများတည်ဆောက်ပါမည်။

### (၁၁-၁) ကြီးကြပ်စစ်ဆေးခြင်း(Monitoring)

အထူးသဖြင့် ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း၏ လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု (physical progress) နှင့် ငွေကြေးဆိုင်ရာတိုးတက်မှု(financial progress) တို့ကိုစနစ်တကျ

ကြီးကြပ်စစ်ဆေးပါမည်။ ၎င်းစစ်ဆေးခြင်းကို (၃)လပတ် အစီအစဉ်ဖြင့် ဆောင်ရွက်ပါမည်။ ကြီးကြပ်စစ်ဆေးခြင်းလုပ်ငန်းကိုကျေးရွာဖွံ့ဖြိုးရေးအဖွဲ့၏စီစဉ်မှုဖြင့်သက်ဆိုင်ရာစီမံကိန်းလုပ်ငန်း အလိုက်တာဝန်ယူဆောင်ရွက်နေသောအဖွဲ့အသီးသီး၊ကော်မတီအသီးသီးတို့ကမိမိတို့တာဝန်ကျရာ ကဏ္ဍအလိုက် စစ်ဆေးသုံးသပ်ပါမည်။

အဖွဲ့အသီးသီးသည် မိမိတို့၏ စီမံကိန်းဆိုင်ရာကနဦးသတင်းအချက်အလက်များ (Baseline) ရရှိအောင်ဆောင်ရွက်ကြပါမည်။ ယင်းအခြေခံသတင်းအချက်အလက်များသည် စီမံကိန်း၏တိုးတက်မှုကို တိုင်းတာမည့် အညွှန်းကိန်း (indicator)များဖြစ်ပါမည်။ (၃)လပတ် ကုန်ဆုံးချိန်တိုင်းတွင် ကော်မတီနှင့် အဖွဲ့အသီးသီးသည် ၎င်းတို့၏ ကြီးကြပ်စစ်ဆေးတွေ့ရှိမှုအစီရင်ခံစာ(monitoring report)ကိုကျေးရွာလူထုအစည်းအဝေး၌အစီရင်ခံတင်ပြပါမည်။ ဆက်လက်ညှိနှိုင်းဆောင်ရွက်ရမည့် ကိစ္စများကို ကျေးရွာဖွံ့ဖြိုးမှုကော်မတီမှဦးဆောင်ပါမည်။ (၃)လပတ်ကြီးကြပ်စစ်ဆေးမှုအစီရင်ခံစာ သည် အောက်ပါအချက်များအပေါ် ဦးတည်ပါမည်။

**(က) လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု(Physical progress)**

- စီမံကိန်းလုပ်ငန်းများလုပ်ငန်းပိုင်းတိုးတက်မှုနှင့် ပြီးမြောက်မှုအတိုင်းအတာ
- အကောင်အထည်ဖော်ရာတွင်ကြုံတွေ့ရသောအခက်အခဲအဟန့်အတားများနှင့်ပြုပြင်သင့် သောအဆိုပြုချက်များ
- ပြုပြင်ပြောင်းလဲဆောင်ရွက်ရန် လိုအပ်သောဖွံ့ဖြိုးရေးဗျူဟာနှင့်စီမံကိန်းများ

**(ခ) ငွေကြေးဆိုင်ရာတိုးတက်မှု(Financial progress)**

- ငွေသားနှင့်ငွေသားမဟုတ်သောအရင်းအနှီးလိုအပ်ချက်များစုစည်းပြီးစီးမှု (မူလလျာထားချက်နှင့် နှိုင်းယှဉ်၍)
- (၃)လပတ်ကုန်တွင်ရှိသောငွေသားနှင့် အခြားပစ္စည်းလက်ကျန်
- ငွေသားနှင့် ငွေသားမဟုတ်သောအရင်းအမြစ်များ စုဆောင်းရာတွင် ကြုံတွေ့နေရသော အခက်အခဲများ၊ပြဿနာများ
- ငွေကြေးစုဆောင်းပြင်ဆင်မှုတိုးတက်ရန် အဆိုပြုနည်းလမ်းများ

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့သည်(၃)လပတ်ကြီးကြပ်စစ်ဆေးမှုအစီရင်ခံစာအနှစ်ချုပ်ကိုပြုစုပြင် ဆင်ပြီးသက်ဆိုင်ရာကျေးရွာအုပ်စုဥက္ကဋ္ဌနှင့်သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနများသို့အစီရင်ခံပေးပို့ပါ

မည်။အစီရင်ခံစာသည်စာမျက်နှာ၂မျက်နှာ၊၃မျက်နှာခန့်ပါဝင်၍အောက်ပါအချက်များကိုအဓိကထားဖေါ်ပြပါမည်။၄င်းအစီရင်ခံစာတွင်အခက်အခဲနှင့်ရင်ဆိုင်ကျော်လွှားမှုများ၊ကျေးရွာသူ/သားများပြုပြင်ပြောင်းလဲဆောင်ရွက်မည့်အစီအစဉ်များ၊လိုအပ်သောအကူအညီအထောက်အပံ့များစသည်တို့ပါဝင်ပါမည်။

## (၁၁-၂ ) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အကဲဖြတ်ပွဲ

စီမံကိန်းကာလနှစ်တစ်နှစ်ကုန်ဆုံးချိန်တွင် စီမံကိန်း၏တိုးတက်မှုအခြေအနေကို ဘက်စုံရှုထောင့်မှ ပြန်လည်သုံးသပ် အကဲဖြတ်ကြပါမည်။ ဤနှစ်ပတ်လည် သုံးသပ်တွေ့ဆုံပွဲ၏ရည်ရွယ်ချက်မှာကျွန်ုပ်တို့ဆောင်ရွက်သောကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ၏ တိုးတက်မှု အခြေအနေများကို အောက်ပါအဖွဲ့အစည်း/ပုဂ္ဂိုလ်များအားကျွန်ုပ်တို့ကျေးရွာက ဖိတ်ကြားအသိပေးတင်ပြနိုင်သော အခွင့်အလမ်းဖန်တီးနိုင်ရန် ဖြစ်ပါသည်။ ဖိတ်ကြားမည့်အဖွဲ့အစည်းများမှာ-

- ❖ ကျေးရွာအုပ်စုအုပ်ချုပ်ရေးအဖွဲ့၊မြို့နယ်အုပ်ချုပ်ရေးနှင့်အခြားသက်ဆိုင်ရာအဖွဲ့အစည်းများ (ငွေကြေးထည့်ဝင်သူများ၊ပုဂ္ဂလိကလုပ်ငန်းရှင်များ)၊သတင်းမီဒီယာများ၊ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ စသည်တို့ဖြစ်ပါသည်။

နှစ်ပတ်လည်သုံးသပ်ပွဲမှကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများနှင့်အခြားပါဝင်သက်ဆိုင်သူများထံမှ အကြံပြုချက်၊ သုံးသပ်ချက်များရယူနိုင်သော အခွင့်အလမ်းကိုလည်းရရှိပါမည်။ ဤအကြံပြုချက်များဖြင့် ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကို ပြန်လည်ပြုပြင် ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

## (၁၁-၃) နည်းပညာဆိုင်ရာ အကူအညီ

ယခုကဲ့သို့သောဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းနှင့်စီမံကိန်းအကောင်အထည်ဖော်သည့်ကာလတွင်အချိန်ပိုင်းအလိုက်လေ့လာစောင့်ကြည့်ခြင်းနှင့်အကဲဖြတ်ခြင်းဆိုင်ရာကဲ့သို့နည်းပညာအကူအညီများကို မြို့နယ်အဖွဲ့အစည်းများထံမှ ရယူသွားမည်ဖြစ်ပါသည်။

## (၁) ကျေးရွာလူမှုစီးပွားရေးဆိုင်ရာအချက်အလက်များ

### (၁.၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာအချက်အလက်များ

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း | စုစုပေါင်း၏% |
|---|---|---|---|---|---|
| ၁ နှစ်အောက် | နို့စို့အရွယ် | ၄ | ၃ | ၇ | ၂.၅၆% |
| ၁ နှစ်မှ ၅နှစ် | ၅နှစ်အောက်ကလေးငယ် | ၆ | ၅ | ၁၁ | ၄.၀၃% |
| ၅ နှစ်မှ ၉နှစ် | မူလတန်းကျောင်းသားအရွယ် | ၂၀ | ၁၉ | ၃၉ | ၁၄.၂၉% |
| ၁၀ နှစ်မှ ၁၄နှစ် | အလယ်တန်းကျောင်းသား အရွယ် | ၁၃ | ၁၁ | ၂၄ | ၈.၇၉% |
| ၁၅ နှစ်မှ ၆၀ နှစ် | အလုပ်လုပ်နိုင်သည့်အရွယ် | ၉၃ | ၉၉ | ၁၉၂ | ၇၀.၃၃% |
| ၆၀ နှစ် နှင့်အထက် | သက်ကြီးရွယ်ကြီး | | | | |
| **စုစုပေါင်း လူဦးရေ – ၂၇၃** | | **၁၃၆** | **၁၃၇** | **၂၇၃** | **၁၀၀%** |
| **စုစုပေါင်း အိမ်ထောင်စု – ၄၉** | | **တစ်အိမ်ထောင်ရှိ ပျမ်းမျှဦးရေ – ၅.၅၇၁** | | | |

**ရင်းမြစ်။ ။(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

**လေ့လာတွေ့ရှိချက်။ ။**..........................................................................

### (၁.၂) လုပ်သားအင်အား

### (၁.၂.၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

**ဇယား (၂) လုပ်သား အင်အား နှင့် ဝင်ငွေရ လုပ်ငန်း အမျိုးအစား**

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | တွဲဖက် လုပ်ကိုင် လူဦးရေ | မှတ်ချက် |
|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | % | မိသားစု ဝင်လုပ်အား | | |
| ၁ | ***စိုက်ပျိုးရေး (သီးနှံထုတ်လုပ်ရေး)*** | | | | | |
| | • ကိုယ်ပိုင်လုပ်ငန်း | ၄၉ | ၁၀၀% | ၂၇၃ | ၀ | |
| | • အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက်အလုပ်သမား | | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | တွဲဖက်လုပ်ကိုင်လူဦးရေ | မှတ်ချက် |
|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | % | မိသားစုဝင်လုပ်အား | | |
| ၂ | ***တိရစ္ဆာန်မွေးမြူရေး*** | | | | | |
| | • ကိုယ်ပိုင်လုပ်ငန်း | ဝ | ဝ | ဝ | | တပိုင်တနိုင်မွေးမြူရေးလုပ်ကိုင်သော အိမ်ထောင်စု ၃၄ စုရှိပြီး ဝက်နှင့်ကြက်ကို အများဆုံး မွေးမြူကြသည်။ |
| | • အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | - | - | | - | |
| | • မိသားစုဝင်လုပ်အား | - | - | | - | |
| ၃ | ***ငါးဖမ်းလုပ်ငန်း*** | | | | | |
| | • ကိုယ်ပိုင်လုပ်ငန်း | ဝ | ဝ | ဝ | ဝ | |
| | • အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ဝ | ဝ | ဝ | ဝ | |
| ၄ | ***သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝအရင်းအမြစ်များ ထုတ်လုပ်ခြင်း*** | | | | | |
| | • ကိုယ်ပိုင်လုပ်ငန်း | ဝ | ဝ | ဝ | ဝ | |
| | • လုပ်သား(အငှား၊ဝန်ထမ်း) | ဝ | ဝ | ဝ | ဝ | |
| ၅ | ***ထုတ်ကုန်လုပ်ငန်း*** | | | | | |
| | • ကိုယ်ပိုင်လုပ်ငန်း | ဝ | ဝ | ဝ | ဝ | |
| | • အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ဝ | ဝ | ဝ | ဝ | |
| ၆ | ***လျှပ်စစ်၊ သဘာဝဓါတ်ငွေ့ နှင့် ရေဖြန့်ဝေရေးလုပ်ငန်း*** | | | | | |
| | • ကိုယ်ပိုင်လုပ်ငန်း | ဝ | ဝ | ဝ | ဝ | |
| | • အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ဝ | ဝ | ဝ | ဝ | |
| ၇ | ***ဆောက်လုပ်ရေးလုပ်ငန်း*** | | | | | |
| | • ကိုယ်ပိုင်လုပ်ငန်း | ဝ | ဝ | ဝ | ဝ | |
| | • အလုပ်သမား၊ ကျပန်း၊ | ဝ | ဝ | ဝ | ဝ | |

| စဉ် | လုပ်ငန်းများ | အမိက အလုပ်အကိုင် | | | တွဲဖက် လုပ်ကိုင်လူဦးရေ | မှတ်ချက် |
|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | % | မိသားစုဝင်လုပ်အား | | |
| | ရာသီအလိုက် အလုပ်သမား | | | | | |
| ၈ | *ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး* | | | | | |
| | • ကိုယ်ပိုင်လုပ်ငန်း | ၀ | ၀ | ၀ | ၀ | |
| | • အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၀ | ၀ | ၀ | ၀ | |
| ၉ | *ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)* | | | | | |
| | • ကိုယ်ပိုင်လုပ်ငန်း | ၀ | ၀ | ၀ | ၀ | |
| | • အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၀ | ၀ | ၀ | ၀ | |
| ၁၀ | *လက်လီ-လက်ကား ရောင်းဝယ်ရေး* | | | | | |
| | • ကိုယ်ပိုင်လုပ်ငန်း | ၀ | ၀ | ၀ | ၀ | |
| | • အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၀ | ၀ | ၀ | ၀ | |
| ၁၁ | *ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း* | | | | | |
| | • ကိုယ်ပိုင်လုပ်ငန်း | ၀ | ၀ | ၀ | ၀ | |
| | • အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၀ | ၀ | ၀ | ၀ | |
| ၁၂ | *ပို့ဆောင်ရေး၊ သိုလှောင်ရေး နှင့် ဆက်သွယ်ရေး* | | | | | |
| | • ကိုယ်ပိုင်လုပ်ငန်း | ၀ | ၀ | ၀ | ၀ | |
| | • အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၀ | ၀ | ၀ | ၀ | |
| ၁၃ | *ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)* | | | | | |
| | • ကိုယ်ပိုင်လုပ်ငန်း | ၀ | ၀ | ၀ | ၀ | |
| | • အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၀ | ၀ | ၀ | ၀ | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | တွဲဖက်လုပ်ကိုင်လူဦးရေ | မှတ်ချက် |
|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | % | မိသားစုဝင်လုပ်အား | | |
| ၁၄ | ***အိမ်ခြံမြေ ရောင်းဝယ် ငှားရမ်းခြင်း နှင့် ဆက်စပ်သော လုပ်ငန်းများ*** | | | | | |
| | • ကိုယ်ပိုင်လုပ်ငန်း | ၀ | ၀ | ၀ | ၀ | |
| | • အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၀ | ၀ | ၀ | ၀ | |
| ၁၅ | **ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ ( အုပ်ချုပ်ရေး၊ ကာကွယ်ရေး နှင့် ဘေးကင်းလုံခြုံရေး)** | | | | | |
| | • ကိုယ်ပိုင်လုပ်ငန်း | ၀ | ၀ | ၀ | ၀ | |
| | • အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၀ | ၀ | ၀ | ၀ | |
| ၁၆ | ***ပညာရေး*** | | | | | |
| | • ကိုယ်ပိုင်လုပ်ငန်း | ၀ | ၀ | ၀ | ၀ | |
| | • အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၀ | ၀ | ၀ | ၀ | |
| ၁၇ | ***ကျန်းမာရေး*** | | | | | |
| | • ကိုယ်ပိုင်လုပ်ငန်း | ၀ | ၀ | ၀ | ၀ | |
| | • အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၀ | ၀ | ၀ | ၀ | |
| ၁၈ | ***လူမှုရေး လုပ်ငန်းများ*** | | | | | |
| | • ကိုယ်ပိုင်လုပ်ငန်း | ၀ | ၀ | ၀ | ၀ | |
| | • အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၀ | ၀ | ၀ | ၀ | |
| ၁၉ | ***အခြားကိုယ်ပိုင်လုပ်ငန်းရှင်များ(အထက်ဖော်ပြပါလုပ်ငန်းများမှအပ)*** | | | | | |
| | • ကိုယ်ပိုင်လုပ်ငန်း | ၀ | ၀ | ၀ | ၀ | |
| | • အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၀ | ၀ | ၀ | ၀ | |
| ၂၀ | ***ပြင်ပ အဖွဲ့အစည်းများ နှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ*** | | | | | |
| | • ကိုယ်ပိုင်လုပ်ငန်း | ၀ | ၀ | ၀ | ၀ | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | တွဲဖက် လုပ်ကိုင်လူဦးရေ | မှတ်ချက် |
|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | % | မိသားစုဝင်လုပ်အား | | |
| | • အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၀ | ၀ | ၀ | ၀ | |
| | **စုစုပေါင်း** | ၄၉ | ၁၀၀% | | | |

**ရင်းမြစ်။ ။ (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

**လေ့လာတွေ့ရှိချက်။ ။ ပန်ဆောင်ကျေးရွာသည် စပါး၊ ပြောင်း စသည်တို့ကို အဓိကထားစိုက်ပျိုးပါသည်။ ကျွဲ၊ နွား၊ ကြက်၊ ဝက် စသည်တို့ကို အနည်းငယ်သာမွေးမြူကြပါသည်။**

## (၁.၂.၂) လုပ်ငန်းနှင့် ကျား၊မအလိုက်အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

**ဇယား (၃) လုပ်ငန်းနှင့် ကျား၊မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား**

| စဉ် | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | | မှတ်ချက် |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ | |
| ၁ | လယ်ယာလုပ်ငန်း | နေ့စား | ၂၀၀၀၀ | ၁၅၀၀၀ | ၁၀၀၀၀ | ၈၀၀၀ | လယ်ရှင်မှ တနေ့ ထမင်း တစ်နပ်ကျွေးသည်။ |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | | | | | |
| ၃ | ငါးလုပ်ငန်း- ရေချို/ငန် ငါးဖမ်းခြင်း၊ ငါးပိ၊ ငါးခြောက်လုပ်ငန်း | နေ့စား | - | - | - | - | |
| ၄ | သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | နေ့စား | - | - | - | - | |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | - | - | - | - | |
| ၆ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း | နေ့စား | - | - | - | - | |

| စဉ် | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | | မှတ်ချက် |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ | |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး | နေ့စား | - | - | - | - | |
| ၈ | လက်လီ-လက်ကား ရောင်းဝယ်ရေး | နေ့စား | - | - | - | - | |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်) | နေ့စား | - | - | - | - | |
| ၁၀ | ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း | နေ့စား | - | - | - | - | |

ရင်းမြစ်။ ။ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

မှတ်ချက်

(၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)

(၂) နာရီတွက်ဖြင့်ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

**လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် စပါးစိုက်ပျိုးချိန်နှင့် ရိတ်သိမ်းချိန်တွင် လုပ်သားဦးရေရှားပါးသဖြင့် လုပ်အားခများ ဈေးပိုပေး၍ ငှားရမ်းရပါသည်။ လယ်လုပ်ငန်းတွင် မနက်စောစော လာပါက ထမင်းသုံးနပ် ကျွေးပါသည်။ နေ့စားလုပ်အားခကိုလဲ တိုးပေးပါသည်။ တိရိစ္ဆာန်မွေးမြူရာတွင် ကလေးများကို နွားကျောင်းခိုင်းပါသည်။**

### (၁.၃) သဘာဝ ရင်းမြစ်များ

### (၁.၃.၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး (ကောင်း/သင့်/ညံ့) | ဆည်ရေရရှိမှု (ရ/မရ/အနည်းအကျဉ်း) | ရေရင်းမြစ် (ရေရရှိသည့် နေရာ/ ရေးပေးနိုင်သည့်ဧက) |
|---|---|---|---|---|
| လယ်မြေ | ၂၆၉ | ကောင်း | - | မိုင်းလွေချောင်း |
| ယာမြေ/ တောင်ယာ | ၁၃ | ကောင်း | - | - |
| ဥယျာဉ်ခြံမြေ | | | | - |

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး (ကောင်း/သင့်/ညံ့) | ဆည်ရေရရှိမှု (ရ/မရ/အနည်း အကျဉ်း) | ရေရင်းမြစ် (ရေရရှိသည့် နေရာ/ ရေးပေးနိုင်သည့်ဧက) |
|---|---|---|---|---|
| အိမ်ခြံဝင်း စိုက်ခင်း | | | – | – |
| နှစ်ရှည်သီးနှံ စိုက်ခင်း | – | – | – | – |
| ရွှေ့ပြောင်းတောင်ယာမြေ | – | – | – | – |
| ကိုင်း/ ကျွန်းမြေ | – | – | – | – |
| စားကျက်မြေ | – | – | – | – |
| ပလပ်မြေ | – | – | – | – |
| အခြား | – | – | – | – |
| စုစုပေါင်း | ၂၈၂ | – | – | – |

ရင်းမြစ်။ ။ (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်းအုပ်စုဆွေးနွေးခြင်း – လယ်သမား အုပ်စု။

**မှတ်ချက်။ ။ ရေရရှိသည့် နေရာအမျိုးအစား – ဆည်၊ မြစ်ရေတင်၊ စိမ့်စမ်းရေသွယ်၊ မြေအောက်ရေ။**

## (၁.၃.၂) ဓာတ်သတ္တုနှင့် အခြားသဘာဝ ရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝ ရင်းမြစ်များ

| အမျိုးအစား | ရရှိနိုင်မှု (များ/သင့်/နည်း/မရှိ) | လက်လှမ်းမီနိုင်မှု (လွယ်/ခက်/လက်လှမ်းမမီ) |
|---|---|---|
| ကာဗွန် (ဓာတ်ငွေ့/ရေနံ) | မရှိ | ခက် |
| အခြား ရင်းမြစ်များ | လမ်းခင်းကျောက် (များ) | လွယ် |
| အခြားသဘာဝ ရင်းမြစ် | | |
| သဘာဝတိရစ္ဆာန်မျိုးစိတ်များ | သင့် | လွယ် |
| သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ ဆေးဘက်ဝင်အပင်များ) | သင့် | လွယ် |

ရင်းမြစ်။ ။ ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။ ။** ကျေးရွာအနီးနားတွင် သဲထုတ်ယူနိုင်သော မိုင်းလေ့ချောင်းရှိပါသည်။ ကျောက်ရောမြေထုတ်ယူနိုင်သော ကျောက်တောင်ရှိပါသည်။ ရိုးရာကျွဲခတ်ပွဲ နှစ်စဉ်ကျင်းပလေ့

ရှိသဖြင့် ကျွဲမျိုးကောင်းများ ရရှိနိုင်ပါသည်။

## (၁.၄) ဥစ္စာဓနအဆင့်အနေအထား

ဇယား (၆) ဥ စ္စာဓနအဆင့်အခြေအနေ

| အကြောင်း အရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိသောအိမ်ထောင်စု | ဆင်းရဲသော အိမ်ထောင်စု | အလွန်ဆင်းရဲသော အိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | ၃-၄ ဧက | ၃-၂ ဧကကြား | ၁ ဧကအောက် | - |
| အိမ်အခြေအနေ | အုတ်ညှပ် (၁)ထပ်၊ (၂)ထပ် | သွပ်မိုး၊ သစ်ခင်း၊ သစ်ကာ။ | သက်ကယ်မိုး၊ ဝါးခင်း၊ ဝါးကာ။ | သက်ကယ်မိုး၊ ဝါးခင်း၊ ဝါးကာ။ |
| လုပ်ငန်းသုံးကိရိယာ ပိုင်ဆိုင်မှု | လက်တွန်းထွန်စက်၊ခြွေစက်၊ ခိုင်းကျွဲ၊ ခိုင်းနွား။ | လက်တွန်းထွန်စက်၊ ခြွေစက်။ | - | - |
| ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု | ကား၊ ထော်လာဂျီ၊သုံးဘီး | ထော်လာဂျီ၊ သုံးဘီး | - | - |
| အဓိကစီးပွားရေး လုပ်ငန်း၊ တနှစ်ဝင်ငွေ | လယ်၊တောင်ယာ၊ | လယ်၊တောင်ယာ | လယ်၊တောင်ယာ | ကျပန်းအလုပ် |
| အခြားပိုင်ဆိုင်မှု | ဆိုလာ၊ ဖုန်း၊တီဗီ၊ မော်တော်ဆိုင်ကယ် | ဆိုင်ကယ် | ဆိုင်ကယ် | - |
| စုစုပေါင်း ၄၉ | ၉ (၁၈.၃၇%) | ၂၅ (၅၁.၀၂%) | ၁၀ (၂၀.၄၁%) | ၅ (၁၀.၂၀%) |

ရင်းမြစ်။ ။ ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။ ပန်ဆောင်ကျေးရွာ၏ ဥစ္စာဓနအဆင့်သတ်မှတ်ခြင်းကို အများသဘောတူညီချက်အရ မြေယာပိုင်ဆိုင်မှု၊ အိမ်အခြေအနေ၊ လုပ်ငန်းသုံးကိရိယာ ပိုင်ဆိုင်မှု၊ ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု၊ အဓိကစီးပွားရေး လုပ်ငန်းနှင့် အခြားပိုင်ဆိုင်မှု စသည်တို့အပေါ်တွင် အခြေခံ၍ ဆုံးဖြတ်ခဲ့ပါသည်။

## (၁.၅) ထိခိုက်လွယ်မှု

### (၁.၅.၁) ဝမ်းစာဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာဓန အဆင့် '၃'နှင့် '၄' အိမ်ထောင်စုပေါင်း၏၃၀ ရာခိုင်နှုန်းစီ)

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | အိမ်ထောင်စု % | ဖြေရှင်းသည့် နည်းဗျူဟာ |
|---|---|---|---|
| ၃ လအောက် | - | - | - |
| ၃ လမှ ၆ လ | ၁၅ | ၃၀% | အများစုမှာ တောင်ယာစိုက်ပျိုးကြသဖြင့် ဝမ်းစာဖူလုံကြသည်။ တစ်လ (သို့) နှစ်လ မဖူလုံသူသောသူများသည် အခြားသူများထံမှ စပါးချေးယူကြပြီး မိမိလယ်နှင့်တောင်ယာမှ ထွက်လျှင် ပြန်ပေးခြင်း ဖြေရှင်းလေ့ရှိကြသည်။ ပိုက်ဆံချေးယူလေ့ သိပ်မရှိဘဲ ချေးယူပါကလည်း မိတ်ဆွေနှင့် ဆွေးမျိုးများ ထံမှသာ ချေးယူလေ့ရှိကြပြီး ချေးငွေအတွက် အတိုးပေးရလေ့ မရှိဟု သိရသည်။- |
| ၆ လမှ ၁၂ လ | | | |

ရင်းမြစ်။ ။ ဥစ္စာခနေအဆင့် '၃' နှင့် '၄' အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအား စစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။……………………………………………………………………….

(၁.၅.၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| မိသားစု စောင့်ရှောက်မှု မရှိသော သက်ကြီးရွယ်အို ၆၀နှစ် နှင့် အထက် | - | - | - |
| မိသားစု/ရပ်ရွာ၏ စောင့်ရှောက်မှု မရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ် | - | - | - |
| | အိမ်ထောင်စုအရေအတွက် | | |
| ဆင်းရဲ၍ မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင်သောအိမ်ထောင်စု | - | | |
| ဆင်းရဲ၍ မိသားစုဦးရေများသည့် အမျိုးသားမုဆိုးဖိုဦးဆောင်သောအိမ်ထောင်စု | - | | |
| အခြားဒေသသို့ ကြာမြင့်စွာ သွားရောက်နေထိုင်လုပ်ကိုင်သည့် ဆင်းရဲသည့် အိမ်ထောင်စု | - | | |

ရင်းမြစ်။ ။ ဦးတည်းအုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ မရှိပါ။

## (၁.၅.၃) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေ

ဇယား (၉) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေ

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|
| ၁ | စားနပ်ရိက္ခာမဖူလုံမှု | နိမ့် | |
| ၂ | သဘာဝအရင်းအမြစ်ရှားပါးမှု (မြေ၊စိုက်ပျိုးရေ) | မရှိ | |
| ၃ | ရေကြီးခြင်း | နိမ့် | - |
| ၄ | မိုးခေါင်ခြင်း | မရှိ | - |
| ၅ | အအေးလွန်ကဲခြင်း | နိမ့် | - |
| ၆ | မုန်တိုင်း | မရှိ | - |
| ၇ | လျှပ် | မရှိ | ဖြစ်ပွါးမှုအလွန်နည်းပါးသည်။ |
| ၈ | မီးဘေး | မရှိ | ဖြစ်ပွါးမှုအလွန်နည်းပါးသည်။ |
| ၉ | ဆားငံရေဝင်မြေ | မရှိ | - |
| ၁၀ | မြေပြိုခြင်း၊ မြေဆီလွှာပျက်ယွင်းမှု | မရှိ | - |
| ၁၁ | သစ်တောပြုန်းတီးခြင်း | မရှိ | မီးထွန်းရန်အတွက် ထင်းရှူးပင်ခုတ်ယူခြင်း ၊ ထင်းအဖြစ် အသုံးပြုရန် အခြားအပင်ကြီးများ ခုတ်ယူခြင်းနှင့် ပြောင်းစိုက်ရန်အတွက် တောင်ယာရှင်းလင်းခြင်းများအတွက် ခုတ်ခြင်းဖြစ်ပါသည်။ |
| ၁၂ | ငှက်ဖျားရောဂါ | နိမ့် | ရောဂါဖြစ်ပွါးမှုနည်းပါးသည်။ |
| ၁၃ | တီဘီရောဂါ | နိမ့် | - |
| ၁၄ | ကိုယ်ခံအားကျဆင်းမှုရောဂါ | မရှိ | - |
| ၁၅ | ပြည်းတွင်းပဋိပက္ခ | မရှိ | - |
| ၁၆ | တိရစ္ဆာန်ကူးစက်ရောဂါ ကျရောက်မှု | နိမ့် | လွန်ခဲ့သော၂၀၁၅ခုနှစ်က ကြက်နှင့်ဝက်တွင် ရောဂါများကျရောက်၍သေဆုံးမှုများပြားခဲ့သည်။ |
| ၁၇ | လူကုန်ကူးခြင်း | မရှိ | - |
| ၁၈ | ဝေးလံခေါင်သီ/လမ်းပန်းဆက်သွယ်ရေးခက်ခဲ စသည် | မရှိ | မိုးရာသီတွင် လမ်းပန်းဆက်သွယ်ရေးခက်ခဲသည်။ |
| ၁၉ | အခြား | မရှိ | - |

ရင်းမြစ်။ ။ဦးတည်းအုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ မိုးရာသီတွင် မိုင်းလေ့ချောင်းမှ ရေကြီးရေလျှံခြင်းဖြစ်ပေါ်တတ်ပါသည်။ မိုးရာသီတွင် ရာသီတုတ်ကွေးဖြစ်ပွားမှု အနည်းငယ်ရှိပါသည်။

### (၁.၅.၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

| စဉ် | ထိခိုက်လွယ်မှု အမျိုးအစား | ထိခိုက်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|
| ၁ | လူငယ် | လတ် | - |
| ၂ | အမျိုးသမီးဦးဆောင်သည့်ဆင်းရဲသည့်အိမ်ထောင်စု | နိမ့် | အမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စု အများစုသည် လယ်မရှိဘဲ တောင်ယာမြေ အနည်းငယ်သာ ရှိကြပြီး ဆင်းရဲကြသည်။ |
| ၃ | မြေယာမဲ့၊ ဆင်းရဲသားတောင်သူ | နိမ့် | အနည်းငယ်သာ ရှိကြပါသည်။ |
| ၄ | သဘာ၀ဘေးဒဏ်ဆိုးရွားစွာကျရောက်နိုင်သောအိမ်ထောင်စု/ ကူးစက်ရောဂါထူပြောသောဒေသတွင် နေထိုင်သူများ | မရှိ | သဘာ၀ဘေးဒဏ် ကျရောက်လေ့ မရှိပါ။ |
| ၅ | မြစ်ကမ်းဘေးနေလူထုများ | မရှိ | |
| ၆ | မတော်မဆမှု ဖြစ်နိုင်ခြေများသောနေရာ (Prone to accident) တွင် နေထိုင်သူများ | မရှိ | - |
| ၇ | ပြည်တွင်းနေရပ်စွန့်ခွါရွှေ့ပြောင်း ခံရသူများ(IDP) | မရှိ | |
| ၈ | မြေနိမ့်ပိုင်းနေထိုင်သူများ | မရှိ | |
| ၉ | ငါးကန်ပိုင်ရှင် | မရှိ | |
| ၁၀ | လက်လုပ်လက်စားများ၊ ကျပန်း | မရှိ | |
| ၁၁ | လူနည်းစုလူမျိုးများ | မရှိ | |
| ၁၂ | ဒေသတွင်းပဋိပက္ခရေိယာတွင် နေထိုင်သူများ | မရှိ | |
| ၁၃ | နယ်စပ်ဒေသတွင် နေထိုင်သူများ | နိမ့် | |
| ၁၄ | ရွှေတွင်းလုပ်သား | မရှိ | |
| ၁၅ | ဆေးစွဲသူများ | လတ် | ကျေးရွာတွင်းရှိ လူကြီးများနှင့် လူငယ် တချို့သည် ဆေးသုံးကြပါသည်။ |
| ၁၆ | ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ | မရှိ | မရှိ။ |

| စဉ် | ထိခိုက်လွယ်မှု အမျိုးအစား | ထိခိုက်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|
| ၁၇ | လှည့်လည်သွားလာ၍ဈေးရောင်းသူများ | လတ် | |
| ၁၈ | နေရပ်ပြန် အခြေချသူများ | မရှိ | - |
| ၁၉ | ရွှေ့ပြောင်းလုပ်သားများ | မရှိ | |
| ၂၀ | ကားသမား | နိမ့် | |
| ၂၁ | အခြား | မရှိ | |

ရင်းမြစ်။ ။ ဦးတည်းအုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။ ။ ဆေးသုံးစွဲသည့်လူငယ်အနည်းငယ်ရှိပါသည်။ အမျိုးသမီးဦးဆောင်သောအိမ်ထောင်စု ၂ စု တွေ့ရှိရပါသည်။**

## (၂) ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေးအခြေအနေ

## (၂.၁) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများအခြေအနေ

### (၂.၁.၁)ကျေးရွာတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ

| စဉ် | အဖွဲ့အစည်း အမည် | အမျိုးအစား (၁/၂/၃) | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်း တာဝန် | ဦးဆောင်ဖွဲ့စည်းသူများ (၄/၅) | စွမ်းဆောင် နိုင်မှု (၆/၇/၈) |
|---|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | | |
| ၁ | မြစိမ်းရောင်ရန်ပုံငွေပြီးကြပ်မှုကော်မတီအဖွဲ့ | ၁ | ၁၀ | ၄ | ၁၄ | ငွေကြေးလုပ်ငန်း | ၄ | ၇ |
| ၂ | ရှမ်းစာပေနှင့် ယဉ်ကျေးမှုအဖွဲ့ | ၃ | ၂၀ | ၂၀ | ၄၀ | ဘာသာရေးနှင့် ယဉ်ကျေးမှု | ၄ | ၇ |
| ၃ | - | - | - | - | - | - | - | - |
| ၄ | - | - | - | - | - | - | - | - |
| ၅ | - | - | - | - | - | - | - | - |
| ၆ | - | - | - | - | - | - | - | - |

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| ၇ | - | - | - | - | - | - | - | - |
| ၈ | - | - | - | - | - | - | - | - |

ရင်းမြစ်။ ။ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု– လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ – ဥပမာ– အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

ဦးဆောင်ဖွဲ့စည်းသူများ

(၄) ကျေးရွာလူထုကိုယ်တိုင်

(၅) ပြင်ပအဖွဲ့အစည်း

အဖွဲ့စွမ်းဆောင်နိုင်မှုအခြေအနေ

(၆) ကောင်း– လွန်ခဲ့သောနှစ်က ဖွံ့ဖြိုးရေးရည်မှန်းချက် (၁–၂) ခု အောင်မြင်မှု ရရှိခဲ့။ ပုံမှန်အစည်းအဝေးကျင်းပခြင်းနှင့် တက်ရောက်မှုကောင်း၊ မှတ်တမ်းများကို စနစ်တကျ ထိန်းသိမ်းထားရှိခြင်း၊ ကျေးရွာတွင်းရှိ အခြားအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်မှု ရှိခြင်း။

(၇) သင့် – လွန်ခဲ့သောနှစ်က ဖွံ့ဖြိုးရေးရည်မှန်းချက် (၁–၂)ခု အောင်မြင်မှု ရရှိခဲ့။ ပုံမှန်အစည်းအဝေး ကျင်းပခြင်းနှင့် အသင့်အတင့် တက်ရောက်မှုရှိ၊ မှတ်တမ်းအချို့ စနစ်တကျ ထိန်းသိမ်းထားရှိခြင်း။

(၈) ညံ့ (အားနည်း) – ကြုံသလို အစည်းအဝေးကျင်းပခြင်း၊ မှတ်တမ်းအချို့သာ ထိန်းသိမ်းထားရှိခြင်း။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာရှိ အဖွဲ့အစည်းများတွင် ကျား၊မ တန်းတူပါဝင်ဆောင်ရွက်ခွင့်ရှိကြသည်။ယဉ်ကျေးမှုအဖွဲ့တွင်လူငယ်များပါဝင်မှုပိုများကြောင်း တွေ့ရှိရပါသည်။

### ၂.၁.၂ ကျေးရွာဖွံ့ဖြိုးရေးအတွက် ပြင်ပအဖွဲ့အစည်းများ၏ အခြေအနေ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

| စဉ် | အမည် | အဖွဲ့အစည်းအမျိုးအစား (၁/၂/၃/၄/၅/၆/၇) | အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ် |
|---|---|---|---|
| | | | |

ရည်ညွှန်း။ ။ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄) ဘက်ပေါင်းစုံဖွံ့ဖြိုးရေးအဖွဲ့အစည်းများ(ဥပမာကုလသမဂ္ဂအဖွဲ့၊ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) ကဏ္ဍအလိုက် ဖွံ့ဖြိုးရေးအဖွဲ့အစည်း (ဥပမာ – UK Aid, GIZ စသည့်)

(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

လေ့လာတွေ့ရှိချက်။ ။

**(၂.၂) စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေ**

**(၂.၂.၁)သီးနှံထုတ်လုပ်ရေး**

**(၂.၂.၁.၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု**

ဇယား (၁၃) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့်အိမ်ထောင်စု

| စဉ် | မြေပိုင်ဆိုင်မှု အရွယ်အစား | အိမ်ထောင်စု အရေအတွက် | အိမ်ထောင်စု % | ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက် |
|---|---|---|---|---|
| ၁ | မြေယာမဲ့ | ၃ | | မြေမဲ့ယာမဲ့ |
| ၂ | ၂.၅ကေအောက်(၁ ဟတ် တာထိ) | ၁၀ | | ဆင်းရဲသားတောင်သူ |
| ၃ | ၂.၅ကေမှ ၅ ကေထိ (၂ ဟတ်တာထိ) | ၂၇ | | တောင်သူငယ် |
| ၄ | ၅ကေမှ၁၂.၅ကေကြား | ၉ | | အလယ်အလတ်စား |

| စဉ် | မြေပိုင်ဆိုင်မှု အရွယ်အစား | အိမ်ထောင်စု အရေအတွက် | အိမ်ထောင်စု % | ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက် |
|---|---|---|---|---|
| | ( ၅ဟတ်တာထိ) | | | တောင်သူ |
| ၅ | ၁၂.၅ဧကအထက် (၅ဟတ်တာနှင့် အထက်) | - | - | တောင်သူကြီး |
| | ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း | ၄၉ | ၁၀၀% | |

ရင်းမြစ်။ ။ အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ပန်ဆောင်ကျေးရွာသည် စိုက်ပျိုးရေးကို အဓိကလုပ်ကိုင်ကြကြောင်း တွေ့ရသည်။ လယ်စပါးနှင့် တောင်ယာများတွင် တောင်ယာစပါး၊ ပြောင်း၊ ပဲပုတ်နှင့် မြေပဲတို့ကို အဓိကစိုက်ပျိုးကြသည်။

(၂.၂.၁.၂) အစိုးရနှင့်ပုဂ္ဂလိက ရေအရင်းအမြစ်များမှ ရေသွင်းနိုင်သည့်ဧရိယာ

ဇယား (၁၄) ကျေးရွာ၏ ရေရင်းမြစ်နှင့် ရေသွင်းဧရိယာ

| စဉ် | အရင်းအမြစ် | အစိုးရနှင့် ပုဂ္ဂလိက | ရေသောက်ဧက | ရရှိနိုင်မှု | |
|---|---|---|---|---|---|
| | | | | တနှစ်ပတ်လုံး/ ရာသီအလိုက် | လုံလောက်မှု (ရှိ/မရှိ) |
| ၁ | ဆည် | - | ၁၅၀ | တစ်နှစ်ပတ်လုံး | ရှိ |
| ၂ | ရေလွှဲဆည် | - | - | တစ်နှစ်ပတ်လုံး | ရှိ |
| ၃ | မြစ်ရေတင်စီမံကိန်း | - | - | - | |
| ၄ | အဝီစိတွင်း | - | - | - | |
| ၅ | လက်ငင် ရေတွင်း | - | - | - | |
| ၆ | စိမ့်စမ်းရေ | - | - | - | |
| ၇ | ချောင်းရေ | - | ၄၉ | တစ်နှစ်ပတ်လုံး | ရှိ |
| ၈ | အခြား | - | ၇၀ | - | |

ရင်းမြစ်။ ။ ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) ဆည်မြောင်းဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာနံဘေးတွင်မိုင်းလွေချောင်းတည်ရှိသဖြင့်ကျေးရွာ၏အဓိက အားသာချက်မှာ စိုက်ပျိုးရေဖူလုံစွာရရှိခြင်းဖြစ်ပါသည်။ ထို့ကြောင့် တစ်နှစ်ပတ်လုံးစိုက်ပျိုးရေး လုပ်ငန်း လုပ်ကိုင်ကြပါသည်။

**(၂.၂.၁.၃) အဓိကသီးနှံများနှင့်အထွက်နှုန်း**

**ဇယား (၁၅) အဓိကသီးနှံများနှင့်အထွက်နှုန်း**

| သီးနှံ | စုစုပေါင်းစိုက်ဧက | ယူနစ် | သီးနှံထွက်မှု | | | သီးနှံစိုက်ပျိုးသည့် ကာလ | သွင်းအားစု လိုအပ်ချက် (နိမ့်/လတ်/မြင့်) | အမြတ်ရရှိနိုင်မှု (နိမ့်/လတ် /မြင့်) | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|
| | | | အနည်းဆုံး | အများဆုံး | ပျှမ်းမျှ | | | | |
| လယ်စပါး | ၂၅၉ | ကီလို | ၁၂၅၀ | ၁၇၅၀ | ၁၅၀၀ | ဇူလိုင်-နိုဝင်ဘာ | မြင့် | လတ် | |
| ပြောင်းဖူး | ၁၀ | ကီလို | ၁၂၀၀ | ၁၇၅၀ | ၃၁၅ | ဇူလိုင်-ဒီဇင်ဘာ | လတ် | လတ် | |
| တောင်ယာစပါး | ၁၃ | ကီလို | ၇၅၀ | ၁၂၅၀ | ၈၀၀ | မေ - သြဂုတ် | လတ် | လတ် | |

**ရင်းမြစ်။ ။ ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမား အုပ်စု။**

**လေ့လာတွေ့ရှိချက်။ ။ ကြက်သွန်ဖြူ၊ ပဲပုတ်နှင့် မြေပဲတို့အား အိမ်တွင်စားသုံးရန်အတွက်သာ စိုက်ပျိုးကြပါသည်။**

**(၂.၂.၁.၄) လယ်ယာသုံးစက်ကိရိယာများ**

ဇယား (၁၆) ကျေးရွာ၏ စိုက်ပျိုးရေးသုံးကိရိယာများပိုင်ဆိုင်မှု

| စက်အမျိုးအစား | ပိုင်ဆိုင်မှု | | | | | စက်ကိရိယာငှားရမ်းလုပ်ကိုင်နေသောတောင်သူ | မှတ်ချက်/အခြေအနေ |
|---|---|---|---|---|---|---|---|
| | တစ်ဦးချင်းပိုင်ဆိုင် | အဖွဲ့ပိုင် | | ရွာပိုင် | | | |
| | | အရေအ | လယ်သမား | အရေအ | လယ်သမား | | |

| | မှု | တွက် | ဦးရေ | တွက် | ဦးရေ | အရေအတွက် | |
|---|---|---|---|---|---|---|---|
| ထွန်စက် | - | - | - | - | - | - | - |
| လက်တွန်းထွန်စက် | ၄၀ | - | - | - | - | - | - |
| အစေ့ချ ကိရိယာ | - | - | - | - | - | - | - |
| ရိတ်သိမ်းခြွေလှေ့စက် | - | ၃ | ၁၂ | - | - | - | - |
| ရိတ်သိမ်းစက် | - | - | - | - | - | - | - |
| ခြွေလှေ့စက် | ၃ | - | - | - | - | - | - |
| ရေစုပ်စက် | - | - | - | - | - | - | - |
| ခြေနင်းရေတင်စက် | - | - | - | - | - | - | - |
| မြက်ရိတ်စက် | - | - | - | - | - | - | - |
| အခြား | - | - | - | - | - | - | - |

ရင်းမြစ်။ ။(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ စပါး၊ ပြောင်း ခြွေလှေ့ရန်အတွက် ခြွေလှေ့စက်အသေး(ယိုးဒယား)စက်များ အသုံးများပါသည်။ စက်ကိရိယာများအား အပြန်အလှန်ငှားရမ်းသုံးစွဲမှုများလည်းရှိသည်။ လယ်သမားအချို့ စုပေါင်း၍ ရိတ်သိမ်းခြွေလှေ့စက်(၃)စင်းဝယ်ယူထားရှိပါသည်။

## (၂.၂.၁.၅)သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

ဇယား (၁၇) သီးနှံအထွက်နှုန်းတိုးစေရန်အတွက် အခွင့်အလမ်းများ

| **အခြေအနေ** | **ဖော်ပြချက်/ရှင်းလင်းချက်** |
|---|---|
| မြေ(စိုက်ပျိုးမြေရရှိနိုင်မှု၊မြေဆီ၊ဩဇာ) | တောင်ယာခုတ်ထွင်၍ တောင်ယာမြေတိုးချဲ့နိုင်သော်လည်း လယ်မြေတိုးချဲ့၍ မရနိုင်တော့ပါ။ |
| ရေအရင်းအမြစ် | ချောင်းရေဖြင့် လယ်စပါးစိုက်ပျိုးနိုင်သည်။ |
| သဘာဝမြေဆွေး၊ အော်ဂဲနစ် မြေဩဇာ | ကျွဲချေး၊နွားချေးများအလွယ်တကူရရှိနိုင်ပြီးစိုက်ပျိုးရေး လုပ်ငန်းအတွက် အသုံးပြုသည်။ |
| အော်ဂဲနစ်/ ဓာတုပိုးသတ်ဆေး | - |
| ချေးငွေနှင့် ငွေကြေး ဝန်ဆောင်မှုများ | - |

| | |
|---|---|
| သွင်းအားစုဈေးကွက် | မိုင်းယန်းမြို့မှစိုက်ပျိုးရေးသွင်းအားစုများကို ဝယ်ယူရရှိနိုင်သည်။ |
| ဝန်ဆောင်မှုဈေးကွက် | တရုတ်မှ ကျေးရွာထိလာရောက်ဝယ်ယူလေ့ရှိသည်။ |
| ထုတ်လုပ်မှုဈေးကွက်နှင့်ကုန်သွယ်မှု | တောင်သူများသည်လယ်ယာထွက်ကုန်များကို မိုင်းယန်းမြို့နှင့် အခြားကျေးရွာများမှ လာရောက်ဝယ်ယူသောပွဲစားများထံတွင် ရောင်းချလေ့ရှိသည်။ |
| အခြား | – |

ရင်းမြစ်။ ။ ဦးတည်အုပ်စုဆွေးနွေးခြင်း – လယ်သမား အုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ်အစိုးရဦးစီးဌာနများ။

**လေ့လာတွေ့ရှိချက်။** ကျေးရွာသည်ရေအရင်းအမြစ်ပေါ်များသည့်အလျောက် မြေဆီသြဇာကောင်းမွန်သော စိုက်ပျိုးမြေများ ရှိပါသည်။ ပြောင်းစိုက်ပျိုးမှုမှာလည်း တရုတ်ပြည်မှ ဈေးကောင်းပေးဝယ်သဖြင့် စိုက်ပျိုးမှုများပါသည်။

### (၂.၂.၁.၆)သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့်စိန်ခေါ်မှုများ

**ဇယား (၁၈) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့်စိန်ခေါ်မှုများ**

| ပြဿနာ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|
| စိုက်ပျိုးမြေ တိုးချဲ့နိုင်မှု | လယ်မြေတိုးချဲ့ရန် အခြေအနေမပေးတော့ပါ။ |
| မြေဆီသြဇာ အခြေအနေ | ကောင်း |
| ငွေကြေးအရင်းအနှီး ရရှိနိုင်မှု | မြစိမ်းရောင်ချေးငွေရရှိသည်။ |
| စိုက်ပျိုးရေး သွင်းအားစုများ အချိန်မီ ရရှိအသုံးချနိုင်မှု | သွင်းအားစုများကိုမူ မိုင်းယန်းမြို့နယ်တွင် အချိန်မီ အလွယ်တကူရနိုင်သည်။ |
| လုပ်သားရှားပါးမှု (ကျွမ်းကျင်သူ/ မကျွမ်းကျင်သူ) | – |
| ရေရင်းမြစ်များ ရရှိနိုင်မှု | ချောင်းမှ လယ်စပါးစိုက်ပျိုးရန် ရေရရှိပါသည်။ |
| စိုက်ပျိုးရေ မလုံလောက်မှု | – |
| ဖျက်ပိုးနှင့်ရောဂါ | စပါးစိုက်ခင်းများတွင် တချို့ဖျက်ပိုးများမှာ ပိုးသတ်ဆေးဒါဏ်ကို ခံနိုင်ကြသည်။ စိုက်ပျိုးတောင်သူများအနေဖြင့် ထိရောက်သောပိုးမွှားနှိမ်နှင်းနည်းနာကို လိုလားကြ သော်လည်း လက်တွေ့အားဖြင့် ကျေနပ်ဖွယ် မရှိသေးပါ။ |
| ဈေးကွက်လက်လှမ်းမှီမှု | တရုတ်ပြည်မှ ကျေးရွာထိ လာရောက်ဝယ်မှုများရှိသည်။ |

| | |
|---|---|
| နည်းပညာအကူအညီနှင့်နည်းလမ်းများ | စိုက်ပျိုးရေးဌာန နှင့် ကျေးလက်ဦးစီးဌာနတို့မှ နည်းပညာအကူအညီရရှိပါသည်။ |
| **အခြား** | - |

**ရင်းမြစ်။** ။ (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ် အစိုးရဦးစီးဌာနများ။

**လေ့လာတွေ့ရှိချက်။** ။ ……………………………………………………………………..

**(၂.၂.၂) မွေးမြူရေးလုပ်ငန်း**

**(၂.၂.၂.၁) မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ**

**ဇယား (၁၉) မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ**

| မွေးမြူရေးနှင့်ငါးလုပ်ငန်း | အိမ်ထောင်စု | ကောင်ရေ | မှတ်ချက်/အခြေအနေ |
|---|---|---|---|
| **မွေးမြူရေး** | | | |
| **ခိုင်းနွား** | ၂၆ | ၅၁ | - |
| **နို့စားနွား** | - | - | - |
| **မြင်း** | - | - | - |
| **ကျွဲ** | ၁၃ | ၂၉ | - |
| **ဆိတ်** | - | - | - |
| **သိုး** | - | - | - |
| **ဝက်** | ၂၁ | ၅၀ | - |
| **ကြက်** | ၄၂ | ၈၅၆ | - |
| **ဘဲ** | - | - | - |
| **အခြား** | - | - | - |
| **ငါးလုပ်ငန်း** | | | |
| **ငါးကန်** | - | - | - |
| **ပုဇွန်ကန်** | - | - | - |
| **ဂဏန်း မွေးမြူရေးလုပ်ငန်း** | - | - | - |
| **ရေချိုငါးဖမ်းလုပ်ငန်း** | - | - | - |
| **ကမ်းလွန်ငါးဖမ်း** | - | - | - |
| **အခြား** | - | - | - |

**ရင်းမြစ်။** ။ အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကြက်နှင့် ဝက်အား အိမ်ခြံဝင်းအတွင်း မွေးမြူကြပါသည်။

**နွားမွေးမြူခြင်းအား  အငှားလိုက်၍တဖက်ရွာတွင်သာ မွေးမြူကြပါသည်။**

**(၂.၂.၂.၂)      မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ**

ဇယား(၂၀)   မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ

| အခွင့်အလမ်း | ဖော်ပြချက်/ ရှင်းလင်းချက် |
|---|---|
| မွေးမြူရေး | |
